# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday 26 February 2019 ၆၃၇၄


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. General To Lam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. General To Lam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး မွေးမြူရေး၊ စက်မှု၊ လေကြောင်းပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ အပြန်အလှန်ခရီးစဉ်များ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တရားမဝင် ငါး၊ ပုစွန်မွေးမြူရေးကန်များ တစ်ဧက ကျပ် ၃၀၀၀၀ ကောက်ခံပြီး တရားဝင်ခွင့်ပြုသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည့် ငါးမွေးမြူရေး လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် တရားမဝင် တူးဖော်ထားသည့် ငါး၊ ပုစွန်မွေးမြူရေးကန်များအပေါ် တစ်ဧကလျှင် ကျပ် ၃၀၀၀၀ ကောက်ခံ၍ တရားဝင်မွေးမြူလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

"မွေးမြူရေးလုပ်ငန်းတွေမှာ မြေယာကို အခြားနည်းသုံးစွဲခွင့်နဲ့ ပတ်သက်ပြီးတော့ တူးပြီးသားကန်တွေတော့ထားပါ။ အခုချိန်က စပြီးတော့ နောက်ဆုံးအနေနဲ့ ထုတ်ပြန်တဲ့ အချိန်မှာ လုပ်ခဲ့ပြီးသား မွေးမြူရေးကန်တွေကို တစ်ဧကကျပ် ၃၀၀၀၀ ပဲ ဒဏ်ငွေရိုက်ဖို့ ပြန်လည်ညှိနှိုင်းပြီးပါပြီ။ အရင်ကတည်းက ပြောခဲ့ပါတယ်။ ဒါပေမယ့် အခုသေသေချာချာ အသိပေးတာပါ။ အဓိကတော့ ရေဝတီနဲ့ မန္တလေးတို့ပါ။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ »»**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**




# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

ကြေးမုံ

## တရားဥပဒေအရိပ်၌ လုံခြုံစိတ်ချနားခို

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေးကို ပြည်သူအားလုံးအညီအမျှ ရရှိခံစားနိုင်ရေးမှာ အရေးကြီးသည့်အချက်ဖြစ်သည်။ တရားဥပဒေနှင့်လုံခြုံစိတ်ချမှုကို အညီအမျှမရရှိဘဲ ကွက်တိကွက်ကျား ဖြစ်မည်ဆိုပါက ပြည်သူအများ စိုးရိမ်ပူပန်မှု ဖြစ်ကြရမည်သာမက နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေး အပိုင်းတို့တွင်ပါ ထိခိုက်မှုရှိနိုင်သည်။

တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေး တည့်မတ်ခိုင်မာပြီး လွှမ်းခြုံမှုအားကောင်းရန်အတွက် အထူးလိုအပ်သည်။ ပြည်သူ့အစိုးရနိုင်ငံ့တာဝန်ယူစဉ်ကတည်းက တရားစီရင်ရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မကြာခဏအသိပေးမှာကြားလျက်ရှိသည်။ ဖေဖော်ဝါရီ ၂၁ ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမတွင် ချင်းပြည်နယ်မှ တာဝန်ရှိသူများအား တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ -

"တရားစီရင်ရေးကို ပြန်လည်တည့်မတ်ရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ ဒီမိုကရေစီတည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး တရားဥပဒေရှေ့မှောက်၌ ညီတူညီမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တရားဥပဒေ၏ အရိပ်အာဝါသကို နိုင်ငံသူနိုင်ငံသားတိုင်း ခံစားရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးများသည် ချိတ်ဆက်နေပါကြောင်း၊ တစ်ခုချိုးဖောက်လျှင် အခြားတစ်ခုလည်း ချိုးဖောက်ခံရမည်ဖြစ်ပါကြောင်း"မှာကြားခဲ့သည်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေး၊ နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်စွာရပ်တည်နိုင်ရေးတွင် အခြေခံကျသည့်ကဏ္ဍမှာ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်သည်။ ယင်းကဏ္ဍသည် ဒီမိုကရေစီ လူ့ဘောင်လောက တည့်မတ်ခိုင်မာရေးကို ထောက်ကန်ထားသလို ပြည်သူများနေထိုင်ကြသည့် လူ့ဘောင်လောကကို ငြိမ်းချမ်းသာယာဝပြောစေရန် ဥပဒေဖြင့် အကာအကွယ်ပေးထားသည်။

မျက်မှောက်ကာလတွင် တရားဥပဒေနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေသည်ဆိုသော်လည်း တရားဥပဒေစိုးမိုးရေးအပေါ်တွင် မထီမဲ့မြင်ပြုသည့် ပြစ်မှုများကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ရသည်။ ရပ်ရွာအေးချမ်းသာယာရေးသည် တရားဥပဒေစိုးမိုးရေးအပေါ် အမှီပြုသည်ဖြစ်ရာ ပြဋ္ဌာန်းထားသော ဥပဒေများကို မျက်ကွယ်ပြုသည်နှင့် ဆိုးရွားသောပြစ်မှုများလည်း ပေါ်ပေါက်လာသည်။ တရားဥပဒေဟူသည် ပြစ်မှုကျူးလွန်သူတို့ကို နောင်မကျူးလွန်အောင် တရားမျှတစွာစီရင်ခြင်းဖြစ်သည်။ သို့သော် ပြစ်မှုကျူးလွန်မှုများ လျော့မကျဘဲတိုးနေလျှင် ပြည်သူလူထု စိုးရိမ်ပူပန်မှုများလာမည်ဖြစ်သည်။

ထို့ကြောင့် တရားဥပဒေ၏ အရိပ်အာဝါသကို နိုင်ငံသူ နိုင်ငံသားအားလုံး ခံစားနိုင်ရေး၊ တရားဥပဒေရှေ့မှောက်တွင် နိုင်ငံသူ နိုင်ငံသားအားလုံး ညီတူညီမျှဖြစ်ရေး၊ အေးချမ်းစွာနေထိုင်သော ပြည်သူ ပြည်သားများအားလုံး လုံခြုံစိတ်ချမှုရှိစေရေးအတွက် တရားစီရင်ရေးကို ပြန်လည်တည့်မတ်ရမည်ဟု နိုင်ငံတော်သမ္မတက သတိပေးထားခြင်းဖြစ်သည်။ ပုထုဇဉ်လူသားများသည် မကောင်းမှုဒုစရိုက်အမှုကို ဖြစ်ပေါ်စေသည့် လောဘ၊ ဒေါသ၊ မောဟတရားများရှိသော်ငြားလည်း ထိရောက်သည့် ဥပဒေ၏ အဟန့်အတားဖြင့် ပြစ်မှုမကျူးလွန်မိကြစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည် ငြိမ်းချမ်းသာယာရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် တရားစီရင်မှုတည့်မတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အားလုံးအလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by MNI
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၂၀၁၉ မျိုးစေ့ပြပွဲ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၉ မျိုးစေ့ပြပွဲ "2019 Seed Fair"ကို ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး သိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါပြပွဲသို့ ရောက်ရှိပြီး ပြခန်းများ၊ မျိုးစေ့၊ ပျိုးပင်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးမြင့်မားရေးသာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသော ရာသီဥတုဒဏ်နှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ဒေသမျိုးရင်းများ၏ မျိုးအရည်အသွေး ထိန်းသိမ်းမြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ တောင်သူများ မျိုးကောင်းမျိုးသန့် ရွေးချယ်သုံးစွဲမှုမြင့်မားရေးအားပေးဆောင်ရွက်သည့်အပြင် ယင်းတို့၏ မျိုးစေ့လိုအပ်ချက် တောင်းဆိုလာမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

၂၀၁၉ မျိုးစေ့ပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ပြပွဲတွင် ဌာနဆိုင်ရာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ပြခန်းပေါင်း ၄၄ ခန်းနှင့် မျိုးစေ့၊ ပျိုးပင်များ၊ မြေဩဇာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့ထုတ်ကုမ္ပဏီလေးခုတို့၏ မျိုးစေ့ ထုတ်စံပြစိုက်ခင်းများစုံလင်စွာ ခင်းကျင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) ၁၀၇၅၅၀၀ - ၁၀၇၅၅၀၀ မန္တလေး(ရွှေဈေး) ၁၀၇၅၅၀၀ - ၁၀၇၅၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၂၅ ကျပ် | ၉၂၀/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၅/၈၃၀ ကျပ် | ၈၆၅/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၃၅ ကျပ် | ၇၆၅/၈၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၃၅ ကျပ် | ၉၃၅/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၀/၇၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၃.၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၈.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၇၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄.၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၅၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၆.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၁၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၀.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်၊

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်ဒီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၁၃၀၊ ဖက်စ် ၀၁-၂၉၉၄၃၂

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ(၂/ ၂၀၁၉) အစည်းအဝေးကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ (၂/ ၂၀၁၉)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင်ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာ-ဗီယက်နမ် တတိယအကြိမ် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၅**

မြန်မာ-ဗီယက်နမ် တတိယအကြိမ် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး( The Third Ministerial Meeting on Security Cooperation between Myanmar and Vietnam) အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စစည်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး တိုလမ် (Gen. To Lam)၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Lun Thuy Duong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကဏ္ဍတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအပေါ် ခြိမ်းခြောက်နေသော အကြမ်းဖက်မှုခင်းများ တိုက်ဖျက်ရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် စုံစမ်းဖော်ထုတ်ရေးတို့တွင် ရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံမှုခင်း ကြိုတင်ကာကွယ်တားဆီးရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ဝန်ကြီးအဆင့် ဆွေးနွေးမှု သဘောတူညီချက်များပါဝင်သည့် အစည်းအဝေးမှတ်တမ်းတို့ကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခြင်း၊ နှစ်နိုင်ငံကိုယ်စားလှယ်များက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံပြန်တမ်း
## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ၂၀၁၈ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသူများ၏ အမည်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာ စာမေးပွဲတွင် စာဖြေဌာန ၁၅၅ ဌာန၌ ဖြေဆိုသူ ၁၁၉၈၇ ဦးအနက် အောင်မြင်သူ ၁၀၇၂၀ နှင့် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၃၀၇၀ ရှိပြီး အမှတ်အများဆုံး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ စာဖြေဌာနမှ ဒေါ်မွန်မွန်ကျော်၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်စာဖြေဌာနမှ ဒေါ်အိမွန်နှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး မြစ်ကြွေစာဖြေဌာနမှ ဒေါ်အိမွန်ဦးတို့က ဆွတ်ခူးရရှိကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာန ၁၂၆ ဌာန၌ ဖြေဆိုသူ ၂၀၉၆ ဦး အနက် အောင်မြင်သူ ၂၀၄၈ ဦးနှင့် နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၀၂၈ ဦးရှိပြီး အမှတ်အများဆုံး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်စာဖြေဌာနမှ ဒေါ်မာလာနှင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံစာဖြေဌာနမှ ဒေါက်တာကျော်ကျော်စိုးနှင့် တတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစာဖြေဌာနမှ ဒေါ်မူမူမြင့်တို့က ဆွတ်ခူးရရှိကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာန ၁၀၇ ဌာန၌ ဖြေဆိုသူ ၁၈၄၆ ဦး အနက် အောင်မြင်သူ ၁၇၀၁ ဦးနှင့် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၄၀၇ ဦးရှိပြီး အမှတ်အများဆုံး ပထမဆုကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး စာဖြေဌာနမှ မယဉ်မွန်သိမ့်သိမ့်ကျော်၊ ဒုတိယဆုကို စင်ကာပူနိုင်ငံ စင်ကာပူ စာဖြေဌာနမှ မမေသင်းအေးနှင့် တတိယဆုကို ရန်ကုန်တိုင်းဒေသကြီး သာကေတစာဖြေဌာနမှ ဒေါ်တင်တင်ထွေးတို့က ဆွတ်ခူးရရှိကြသည်။

အဆိုပါ စာမေးပွဲများ၏ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သာသနာရေးမှူးရုံးများ၊ စာဖြေဌာနများရှိ သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မြန်မာအားကစားမီဒီယာများအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်များ ရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန်  ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သည် ရွေးချယ်ပွဲ ကျင်းပရေးကော်မရှင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ဘောလုံးကွင်း ပထမထပ်ရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရွေးချယ်တင်မြှောက်ပွဲကို ကလောင်ရှင်၊ အယ်ဒီတာ၊ (သတင်းထောက်၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ ကာတွန်း)၊ (ရုပ်သံ၊ ရေဒီယို၊ အွန်လိုင်း)၊ ထုတ်ဝေသူ၊ အားကစားပရိုမိုတာ၊ ပရော်ဖက်ရှင်နယ်၊ ဝါသနာရှင်စသည့် အစုအဖွဲ့ခြောက်ဖွဲ့ဖြင့် သတ်မှတ်ခဲ့တမ်းများအလိုက် ရွေးချယ်တင်မြှောက်သွားမည်ဖြစ်သည်။ “ဒီအစုအဖွဲ့ခြောက်ဖွဲ့မှာ ရွေးချယ်ခံမယ့်သူတွေက ဒီလုပ်ငန်းနယ်ပယ်တွေရဲ့ အားကစားကဏ္ဍတွေမှာ လက်ရှိလုပ်ကိုင်နေတဲ့သူ၊ ဒါမှမဟုတ် လုပ်ကိုင်ခဲ့ဖူးသူတွေ ဖြစ်ရပါမယ်” ဟု အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဇေဒီက ပြောသည်။

ဆန္ဒပြုလျှောက်လွှာ တင်သွင်းသူများအနက် ရွေးချယ်ပွဲစည်းမျဉ်းများနှင့်ကိုက်ညီသော ကိုယ်စားလှယ်လောင်းစာရင်းကို မတ် ၆ ရက်တွင် ရွေးချယ်ပွဲကျင်းပရေးကော်မရှင်က ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်ရွေးချယ်ခံကြရန် အားကစားမီဒီယာလောကသားများကို တိုက်တွန်းထားကြောင်း၊ အသင်းဝင်အဖြစ် လျှောက်ထားပြီးကြသူများလည်း လာရောက်မဲပေးကြရန်နှင့် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲ ဖြစ်သောကြောင့် မဲဆန္ဒရှင်များ၏ မဲပေးမှုက အရေးပါကြောင်း၊ အသင်းဝင်ထားသူများကိုလည်း လာရောက်မဲပေးကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ကို ရုပ်သံ၊ ရေဒီယို၊ အွန်လိုင်း၊ ပုံနှိပ် စသည့်နယ်ပယ်မျိုးစုံ၌ အားကစားမီဒီယာကဏ္ဍဖြင့် လုပ်ကိုင်နေသူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဟု နာမည်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာ**

# မြန်မာ့လွှတ်တော်နှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သံတမန်ရေးရာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် Learning Center (Room3) ၌ ကျင်းပသည့် လွှတ်တော်ရုံးများမှ အရာထမ်းများအတွက် သံတမန်ရေးရာအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**သင်တန်းပို့ချသွားမည်**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ (JCC)ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က The Asia Foundation ၏ အစီအစဉ်ဖြင့် ယခုဖွင့်လှစ်သည့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် သံတမန်ရေးရာ အခြေခံသင်တန်းသည် လွှတ်တော်ရုံးများမှ အရာရှိများအတွက် သံတမန်ရေးရာနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များကိုသိရှိပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်းအဖွဲ့တို့က သင်ရိုးညွှန်းတမ်းပြုစု၍ အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ပညာရှင်များက လာရောက်သင်တန်းပို့ချသွားမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်များသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုပိုမိုများပြားလာပါကြောင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများပါ နိုင်ငံတကာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် လေ့လာရေးခရီးစဉ်များကို မကြာခဏသွားရောက်နေကြရသည့်အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် သံတမန်ဆက်ဆံရေးအခြေခံသဘောတရားများကို သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် လေ့လာသွားရန်လို**

ယခုသင်တန်းမှာရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အသုံးချပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာလွှတ်တော်အသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံရာတွင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပြီး နိုင်ငံ၏ရပ်တည်ချက်မူဝါဒများကို နိုင်ငံတကာက အသိအမှတ်ပြုလက်ခံလာစေရန် ဆောင်ရွက်နိုင်သည့် သံတမန်ပညာရပ်များနှင့် ပြည့်စုံသည့်အရည်အသွေးရှိသော လွှတ်တော်ရုံးဝန်ထမ်းများပေါ်ထွက်လာရန်အတွက် မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ အလားတူ သင်တန်းမှ ရရှိလာသည့် သံတမန်ပညာရပ်များကိုလည်း မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာရေးရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ကူဝိတ်နိုင်ငံ (၅၈)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ကူဝိတ်နိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Yangon Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦးတို့ တက်ရောက်ကြသည်။(ဓာတ်ပုံ)

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကူဝိတ်နိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**မှတ်တမ်းဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံတမန်များအဖွဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Pehin Orang Kaya Seri Pahlawan Colone (R) Dato Paduka Haji Abdu'r Rahmani bin Dato Paduka Haji Basir၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Adel Al Adgham တို့က ကူဝိတ်နိုင်ငံ အမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် ကူဝိတ်သံရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လက်ရှိအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်မှာ မကြာမီ သုံးနှစ်တာကာလပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အုပ်ချုပ်သည့်အစိုးရကို ပြည်သူများက ရွေးကောက်တင်မြှောက်ရပါကြောင်း၊ နိုင်ငံတော်ကို လည်ပတ်ရန် လိုအပ်သည့်ငွေကြေးကို ပြည်သူများက အခွန်အခအဖြစ် ထည့်ဝင်ရပါကြောင်း၊ ပြည်သူများ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ အုပ်ချုပ်ပုံ၊ စီမံခန့်ခွဲပုံများ၊ ထည့်ဝင်လိုက်သည့် အခွန်အခများကို မည်သို့ကိုင်တွယ်သုံးစွဲသည်ကို ပြည်သူများ သိပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် အစိုးရသက်တမ်း တစ်နှစ်ပြည့်တိုင်းတွင် ပြည်သူများအတွက် ဆောင်ရွက်ခဲ့မှုများကို တရားဝင်ရိုက်ကူးထုတ်လွှင့်ပြသခဲ့ပါကြောင်း။



သို့ဖြစ်၍ ယခု တတိယတစ်နှစ်တာ ရိုက်ကူးမှုများကို မတ် ၁၁ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဧပြီ ၁ ရက် မှစတင်၍ တစ်ရက်လျှင် နှစ်ခုနှုန်းဖြင့် ထုတ်လွှင့်ဖော်ပြသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရန် လျာထားဆောင်ရွက်သွားမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရိုက်ကူးထုတ်လွှင့်ဖော်ပြသွားမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

**သတင်းစဉ်**

# ဖြူးမြို့နယ်အတွင်း နွေရာသီ သောက်သုံးရေ ရှားပါးမှုမရှိစေရေး စက်ရေတွင်းများ တူးဖော်ပေး

**ဖြူး ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း နွေရာသီ ပူပြင်းသည့်ကာလ သောက်သုံးရေ ရှားပါးမှုမရှိစေရန် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနက ကျေးရွာပေါင်း ၁၂ ရွာတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရန်ပုံငွေကျပ် ၆၆ ဒသမ ၉၇၅ သန်းဖြင့် သာယာကုန်းကျေးရွာ၊ ညောင်အိုင်၊ ကျောင်စု၊ ဒိုင်းတရာ(ဗမာ)၊ ကျွန်းကုန်း(ဗမာ)ကျေးရွာများတွင် အချင်း လေးလက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းများကို Village Developer ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၀၁ ဒသမ ၅ သန်းဖြင့် ငွေးကုန်း၊ ကုန်းအင်း(တောင်)၊ ငါးဘတ်အိုင်၊ ငါးခေါင်းအင်း(ကရင်ရွာ)၊ လှသင်းမောင်၊ ကျေးပင်ပေါက်၊ လိပ်ပေါကျေးရွာ ခုနစ်ရွာအား Well Done Engineering Co., Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**ဒုတိယသမ္မတ ဦးမြင့်ဆွေမှ**
ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဦးကြည်မင်း၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးအောင်မြင်ထွန်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်း**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၈/ ၂၀၁၉ ဖြင့် နာယကအဖွဲ့ကို ဒုတိယသမ္မတ ဦးဆောင်၍ (၅)ဦးဖြင့်လည်းကောင်း၊ ဦးစီးကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ (၁၉)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များကို စနစ်တကျအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်တွင် လုပ်ငန်းကော်မတီ (၁)ခုနှင့် ဆပ်ကော်မတီ (၁၁)ခုတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

**လစ်ဟာမှုမရှိအောင် ပူးပေါင်းညှိနှိုင်း**

ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၁)ချက် ချမှတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို နှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ နေ့ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနား"ကိုလည်းကောင်း၊ ဒုတိယပိုင်းအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနား" ကိုလည်းကောင်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီဝင်များအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**အစိုးရအဆက်ဆက် ကျင်းပ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး ရှေးရှေးမြန်မာမင်းများ လက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ကာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကျင်းပခဲ့သည့် အမြင့်ဆုံးသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှောက်သည့် အခမ်းအနားကြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများသည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကြွရောက်လာမည်ဖြစ်၍ အသွားအပြန်ခရီးစဉ်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အထူးလေယာဉ်ရရှိရေးနှင့် သွားလာမှုအဆင်ပြေချောမွေ့စေရေးတို့အတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ခေတ္တသီတင်းသုံးနေထိုင်မည့် ကျောင်းဆောင်များ၊ ဧည့်ရိပ်သာများနှင့် ဟိုတယ်များတွင် စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေးအတွက် သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်စေလိုပါကြောင်း။

**ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ**

ထို့အပြင် ဆက်ကပ်မည့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် ဟင်းလျာများဖြစ်စေရေးနှင့် ယခင်နှစ်များနည်းတူ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကို စနစ်တကျစီမံဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်စစ်ဆေးစီမံဆောင်ရွက်ရန်နှင့် အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ခမ်းနားထည်ဝါစွာပြင်ဆင်ရန်နှင့် ဘုရားခန်းနှင့်တကွ သံဃာစင်မြင့်နေရာတို့ကို တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဘုရား၊ ဘွဲ့ခံဆရာတော်ကြီး ၂၅၄ ပါး၊ သီလရှင်ဆရာကြီး ၁၄ ပါး စုစုပေါင်း ၂၆၉ ပါးဖြစ်ပြီး ကြိုတင်လောင်းလှူရမည့် ဆရာတော်ကြီး ၆၂ ပါးရှိသည်ကို သိရှိရပါကြောင်း၊ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်ကပ်လှူဒါန်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဆပ်ကော်မတီများက ပူးပေါင်းညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်နိုင်ခြင်းမရှိသည့် ဆရာတော်ကြီးများရှိပါကလည်း ကြိုတင်လောင်းလှူရမည့် ဆရာတော်ကြီးများစာရင်း၌ ထည့်သွင်းထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲပြီး၍ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရာတွင်လည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ"၊ "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား"များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများ၊ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့်အကြံပြုချက်များရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဦးစီးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဆွေးနွေးတင်ပြကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက ကျန်းမာရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ဆွမ်းဆန်တော်လောင်းလှူရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လုံခြုံရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကိုလည်းကောင်း၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေး အခြေခံသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကို စိတ်ဝင်စားသော ပြည်သူများအတွက် လူ့အခွင့်အရေး အခြေခံသင်တန်းအမှတ်စဉ်(၁)ကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း ခြောက်မိုင်ခွဲ အမှတ်(၂၇)ရှိ အဆိုပါကော်မရှင်ရုံး၌ ယနေ့နံနက်မှစတင်ကာ နှစ်ပတ်ကြာဖွင့်လှစ်၍ သင်ကြားပို့ချပေးလျက်ရှိသည်။

**ပထမဆုံးအကြိမ် ဖွင့်လှစ်**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက "ဒီသင်တန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်တာပါ။ စိတ်ပါဝင်စားသူတိုင်း တက်လို့ရပါတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဆိုတာ ဒွန်တွဲပြီးသွားနေတာဖြစ်လို့ လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် အခုလို ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ လူ့အခွင့်အရေးကိုသိမယ်၊ စိတ်ဝင်စားမယ်ဆိုရင် ဒီမိုကရေစီတည်ဆောက်ရေးအတွက် အများကြီးအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းကို အခမဲ့သင်ကြားပို့ချပေးခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၈ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းသားသင်တန်းသူ ၅၂ ဦး တက်ရောက်လျက်ရှိသည်။



သင်တန်းသူ တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမြင့်က "လူ့အခွင့်အရေးဆိုတာ လူတန်းစားအားလုံးနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးတစ်ခုဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ကိုယ်တိုင်လည်း ကျယ်ကျယ်ပြန့်ပြန့်ထဲထဲဝင်ဝင် သိချင်တယ်။ သိရှိလာတာတွေကိုလည်း အများပြည်သူကို ပြန်လည်ဖြန့်ဝေချင်တဲ့အတွက် အခုလို လာတက်တာပါ။ ရလာတဲ့အသိတွေကို လူထုထဲမှာကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မယ်ဆိုရင် သင်တန်းဖွင့်တဲ့ ရည်ရွယ်ချက်လည်းအောင်မြင်မယ်။ တိုင်းပြည်အတွက်လည်း အများကြီးအကျိုးရှိမယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

လူ့အခွင့်အရေးကို မှန်ကန်စွာသိရှိနားလည်ပြီး လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားလိုက်နာကျင့်သုံးလာနိုင်စေရန်၊ နိုင်ငံသားတိုင်း လူ့အခွင့်အရေးများကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် လူ့အခွင့်အရေးစံနှုန်းများ မြင့်မားသောလူ့ဘောင်ပေါ်ထွန်းရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအနှစ်သာရနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပါအဝင် စုစုပေါင်း ဘာသာရပ် ၁၇ ခုကို ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဘာသာရပ်ကျွမ်းကျင်သူများက ပို့ချပေးသွားမည်ဖြစ်သည်။

**ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်**

အလားတူ သင်တန်းအမှတ်စဉ်(၂)ကို မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူ့ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများကိုလည်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်၏ အဓိကလုပ်ငန်းစဉ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွန်း**

# မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် တိုက်တွန်းကြောင်းအဆို အတည်ပြု



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ဒုတိယဝန်ကြီး
ဦးစိုးအောင်



ဖားဆောင်းမဲဆန္ဒနယ်မှ
ဒေါ်နန်းထွေးသူ



ကန်ပက်လက် မဲဆန္ဒနယ်မှ
ဦးညွန့်ဝင်း



ကျောက်တန်းမဲဆန္ဒနယ်မှ
ဒေါ်အေးမြမြမျိုး



မကွေးမဲဆန္ဒနယ်မှ
ဦးမြင့်ဦး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက် မြောက်နေ့တွင် အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး၏ **ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ခွင့်ပြုချက်ရရှိထားပြီးဖြစ်သော ဝန်ဆောင်ခနှုန်းထားများကို ဆက်သွယ်ရေးအော်ပရေတာများက သုံးစွဲသူများ သိရှိအောင် ကြော်ငြာရာတွင် ခွင့်ပြုထားသည့် ဝန်ဆောင်ခနှုန်းထားနှင့် ကိုက်ညီမှု မရှိဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိပါက သို့မဟုတ် တိုင်ကြားမှုများ ရှိလာပါက စိစစ်၍ ဆက်သွယ်ရေးဥပဒေ ၅၇ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) တို့ဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## ဆက်သွယ်ရေးအော်ပရေတာများ၏ ဝန်ဆောင်မှုအပေါ် ဝန်ခံကတိပြုချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက တိုင်ကြားနိုင်

သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိအသုံးပြုမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လက်ခံရွေးချယ် သုံးစွဲခြင်း မပြုမီ သက်ဆိုင်ရာအော်ပရေတာများ၏ အသိပေးကြေညာချက်များအပေါ် သေသေချာချာ နားလည်သဘောပေါက်သည်အထိ ဖတ်ရှုပြီးမှသာ ရွေးချယ်အသုံးပြုစေရန် အသိပညာပေးမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများ၏ ဝန်ဆောင်မှုအပေါ် ဝန်ခံကတိပြုချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနသို့လည်းကောင်း တိုင်ကြားနိုင်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လတ်တလောအနေဖြင့် မြန်နှုန်းမြင့်အင်တာနက် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ သုံးစွဲသူများက တိုင်ကြားလာမှုများအပေါ် သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးသည် ရာသီဥတုကြောင့် ဆွေးမြည့်ပျက်စီးနေပါသဖြင့် အမြန်ဆုံးအသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာ့စာတိုက်အနေဖြင့် စာတိုက်ရုံး ပျဉ်ခင်း၊ ပျဉ်းကာ၊ သွပ်မိုးတစ်ထပ် အဆောက်အဦအား နယ်မြေဒေသအခြေအနေနှင့် ကိုက်ညီမည့် အဆောက်အဦအသစ် အစားထိုး ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်းနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသည့် **အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦးက ကလေးသူငယ်များ၏ ပထမဆုံးနှစ်ကာလများသည် အလွန်အရေးကြီးသည့် ကာလဖြစ်ပါကြောင်း၊ ဦးနှောက်ဆဲလ်များ ဖွံ့ဖြိုးအားကောင်းနေသည့်အချိန်ဖြစ်သည့်အတွက် တစ်စက္ကန့်တွင် ဦးနှောက်ဆဲလ်ပေါင်း ၁၀၀၀ ခန့် အလုပ်လုပ်နေသည်ဟုဆိုပါကြောင်း၊ ပြုစုပျိုးထောင်တတ်ရန် လိုအပ်သည့်အတွက် အခြေခံမကောင်းပါက ဘဝတစ်ခုလုံး အခြေမခိုင်ယိုင်သွားနိုင်ပါကြောင်း၊ ကလေးများ အာဟာရချို့တဲ့မှုကြောင့် ရေရှည်အကျိုးဆက်သည် အားကစားဘက်တွင် အောင်မြင်မှုများ လျော့နည်းလာပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတွင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှု ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာကို အရေးကြီးသည့် မဟာဗျူဟာအဖြစ် ထည့်သွင်းပြဋ္ဌာန်းပြီးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ် ကလေးပြုစုရေးအတွက် ကျွမ်းကျင်ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးခြင်း၊ ကလေးများအတွက် အာဟာရထောက်ပံ့ပေးခြင်းသည် အရေးကြီးသည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်က မူကြိုကျောင်းအများစုသည် မြို့ပေါ်တွင်သာရှိပြီး ကျေးရွာများတွင် အလွန်နည်းပါးလှပါကြောင်း၊ ဝေးလံခေါင်ဖျားသော နေရာများတွင် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ထောက်ပံ့မှုရှိသည့် မူကြိုကျောင်းများ ထွက်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးသင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ ကလေးများ ကျန်းမာရေးကောင်းမွန်ပြီး ဉာဏ်ရည်ထက်မြက် တိုးတက်ရန်လည်း အရေးကြီးပါကြောင်း၊ အာဟာရပြည့်ဝရန်အတွက် ခွင့်ပြုရန်ပုံငွေ ချထားပေးရန်လည်း အရေးကြီးပါကြောင်း၊ မူကြိုကျောင်းများတွင် သင်ကြားပေးသည့် ဆရာ ဆရာမများကလည်း စွမ်းရည်ပြည့်ဝရန်လည်း အရေးကြီးပါကြောင်း၊ အာဟာရပြည့်ဝရေးအတွက်လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသည်မဟုတ်ပါကြောင်း၊ မိဘများကလည်း ပံ့ပိုးပေးရန်လည်း လိုအပ်ပါကြောင်း၊ အစိုးရ၊ NGO များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုပါက အဆိုရှင် တင်ပြသည့် ရည်ရွယ်ချက် အောင်မြင်မည်မှာ မလွဲပါကြောင်း။

အဆိုရှင်တင်ပြသည့် အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ ကျန်းမာသန်စွမ်းပြီး စာရိတ္တကောင်းမွန်သည့် ကလေးများဖြစ်လာရန်အတွက် နိုင်ငံတော်အစိုးရသာမက တာဝန်ရှိသူ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ရန် သာမက လွှတ်တော်ကိုယ်စားလှယ်များပါ ပူးပေါင်းကူညီဆောင်ရွက်ပေးပါရန် တိုက်တွန်းဆွေးနွေးသည်။

အလားတူ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၊ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီတို့က ဆွေးနွေးကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးများအား ပြုစုပျိုးထောင်ရေး နည်းစနစ်များအနေဖြင့် ကလေးများကိုဗဟိုပြုသည့် ကလေးကိုယ်တိုင်ပါဝင်စေသော သင်ယူမှုနည်းစနစ်ကို အခြေခံပြီး စိတ်ချလုံခြုံမှုရှိသည့် ပတ်ဝန်းကျင်တွင် စူးစမ်းလေ့လာမှု အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သင်ယူရန်နေရာများဖန်တီးပေးခြင်းနှင့် ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ ကစားခြင်းနည်းလမ်း၊ တေးဂီတ၊ အခြေခံ ပန်းချီ၊ လက်မှုပညာများ ပြုလုပ်ပေးခြင်းတို့ကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူလတန်းကြိုကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ဖွင့်လှစ်လျက်ရှိသည့် မူလတန်းကြိုကျောင်းများကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းသင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်၏ အဆိုတွင် ကလေးများကို တန်းစီအိပ်ခိုင်း၍ ငြိမ်အောင်သာထိန်းကျောင်းခြင်းသည် လွဲမှားသော ပြုစုပျိုးထောင်ခြင်းများ ရှိနေပါသည် ဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားလေ့ကျင့်ပေးထားသည့် ဆရာမများကိုယ်တိုင် မှန်ကန်သော ကလေးပြုစုပျိုးထောင်ရေးနည်းစနစ်များနှင့်အညီ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ကလေးများအတွက် မူလတန်းကြိုကျောင်း တက်ရောက် လွှမ်းခြုံနိုင်ရေးနှင့် ပြည်သူလူထုအတွင်း ကလေးပြုစုပျိုးထောင်ရေးနည်းစနစ်များ ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် လွဲမှားသော ပြုစုပျိုးထောင်မှုများ မရှိစေရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် အသိပညာပေးခြင်း၊ ဥပဒေနှင့် နည်းဥပဒေအရ ထိရောက်စွာ ကြီးကြပ်ခြင်းတို့ဖြင့် ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခြင်းနှင့် မူကြိုကျောင်းများတွင် အာဟာရ ကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်း ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် လူသားအရင်းအမြစ် ကလေးငယ်လေးများကို ကောင်းစွာ တန်ဖိုးရှိရှိဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာရောက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှလည်း ဦးစားပေး လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် အဆိုအား အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားမြေဥပဒေဖြစ်ပေါ်လာစေရန် တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁) ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ကမ်းနားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံကျောင်းတံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့အား အရည်အသွေးမီ ကွန်ကရစ်လမ်းခင်းပေးရန်နှင့် အဆင့်မီသံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် လမ်းပိုင်းသည် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပါကြောင်း၊ မင်းဘူးမြို့ ကမ်းနားလမ်းသည် နှစ်စဉ် ရေမြုပ်သော လမ်းတစ်လမ်းဖြစ်ပြီး ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ကမ်းနားလမ်း၏ အပေါ်ဘက်လမ်း အနီးဆုံးလမ်းဖြစ်သည့် အလယ်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် မင်းဘူးမြို့ ကမ်းနားလမ်း (အမှတ်(၁) ရပ်ကွက်၊ ပန်းခြံလမ်း အရှေ့ဘက်ထိပ်မှ အမှတ်(၄) ရပ်ကွက် ရေလဲပေါက်/သစ်ချိုကုန်းရပ်၊ ဆင်ခေါင်းလမ်းထိပ်အထိ)နှင့် ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံကျောင်းတံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့ကို အရည်အသွေးမီ ကွန်ကရစ်လမ်းနှင့် အဆင့်မီသံကူကွန်ကရစ် တံတားတည်ဆောက်ရေးလုပ်ငန်းများမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးတင်အောင်ထွန်း



ကရင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး

## မဲသပုံ - ကွီးကျယ် ကျေးရွာမှ ကွီးကျယ်ရေတံခွန်သို့သွားသော ကျေးလက်လမ်းအား အမာခံမြေသားလမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာအုပ်စု မဲသပုံကျေးရွာနှင့် ကွီးကျယ်ကျေးရွာ ကွီးကျယ်ရေတံခွန်သို့ သွားသည့်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေသားအမာခံလမ်း(၂) မိုင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ထန်းတပင်ကျေးရွာမှ မဲသပုံကျေးရွာအထိ ကျေးလက်လမ်းအရှည် (၂)မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမာခံမြေသားလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် စီမံကိန်းလျာထားပါကြောင်း၊ ကျန်ရှိနေသည့် မဲသပုံ - ကွီးကျယ် (၂)မိုင် (၂) ဖာလုံကို ဆက်လက်ဆောင်ရွက်ပြီးပါက ကျေးရွာ (၄) ရွာ၊ အိမ်ခြေ (၄၂၅)လုံး၊ လူဦးရေ (၂၄၀၀) ကျော်တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဲသပုံ - ကွီးကျယ် ကျေးရွာမှ ကွီးကျယ်ရေတံခွန်သို့သွားသော ကျေးလက်လမ်းအား အမာခံမြေသားလမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်**ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ(National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း**က မြေယာဆိုင်ရာ ဥပဒေများကို ခေတ်နှင့်အညီ ထိရောက်စွာ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း၊ အိမ်နှင့်မြေပိုင်ခွင့်ကို နိုင်ငံသားများထံ ဥပဒေနှင့်အညီ မျှတစွာပေးရန်၊ မြေယာသိမ်းဆည်းမှုများတွင် နစ်နာကြေးနှင့် လျော်ကြေးများကို ခေတ်ကာလနှင့်အညီပေးရန် လိုအပ်လာပါကြောင်း၊ အဆိုရှင်တင်ပြသွားသည့် မြေယာနှင့်ပတ်သက်သည့် ဥပဒေများ အသီးသီးရှိနေသော်လည်း နိုင်ငံတစ်ဝန်းတွင် ထိရောက်စွာ ဖြေရှင်းနိုင်မည့် ပင်မဥပဒေတစ်ရပ် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အမျိုးသားမြေဥပဒေ ဖြစ်ပေါ်လာရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသား မြေအသုံးချမှုမဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည်ကို ထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း**က ၂၀၁၆ ခုနှစ် မြေယာမြေအသုံးချမှုမူဝါဒ၏ အပိုင်း(၁)တွင် ရည်ရွယ်ချက်(၆)ချက်၊ လမ်းညွှန်မှု(၅)ချက်၊ အခြေခံမှု (၁၆)ချက်ကို တွေ့ရှိရသကဲ့သို့ အပိုင်း(၂)တွင် မြေအသုံးချမှုစီမံခန့်ခွဲခြင်း အပါအဝင် အပိုင်းအားလုံးပေါင်း (၁၃)ပိုင်း တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မြေအသုံးချမှုမူဝါဒကို ပြန်လည်သုံးသပ်ရန် အချိန်များစွာ မလိုအပ်တော့ပါကြောင်း၊ လက်ရှိအစိုးရသည် ချမှတ်ထားသည့် မူဝါဒနှင့်မကိုက်ညီမှုများရှိပါက ထုတ်ပယ်ခြင်း၊ ဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ခြင်း၊ အတည်ပြုသင့်သည်ကို ဆက်လက်အတည်ပြု၍ အမြန်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

မြေယာစီမံခန့်ခွဲအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်သာမက ကာလတိုတွင် လက်ငင်းဖြေရှင်းရမည့်ကိစ္စတွေလည်း ပါဝင်နေခြင်းကြောင့် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များကို မူဘောင်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှသာ လက်ရှိမြေပြင်တွင် ဖြစ်နေသည့် အခက်အခဲများ၊ အကျပ်အတည်းများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိမြေယာမူဝါဒကို အမြန်ဆုံးသုံးသပ်ပြီး တင်သွင်းသည့် အဆိုအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့်အတွက် ထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးကြစဉ်။

ယင်းအဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမန်းထွန်းကြိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဘမျိုးသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ Ms. Emi Makino ဦးဆောင်သော ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ရန်ကုန်တက္ကသိုလ် မြန်မာ-ဂျပန် ဥပဒေသုတေသနစင်တာမှ တွဲဖက်ပါမောက္ခ ဒေါက်တာမမသန့် ဦးဆောင်သော ဥပဒေ အထူးပြု ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်ပြီး တရားမမှုနှင့် ရာဇဝတ်မှုစစ်ဆေးစီရင်မှုများကို လေ့လာကြည့်ရှုခဲ့ကြပါသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားသူကြီး ဒေါ်ချိုချိုမာနှင့်တွဲဖက်ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများက လိုက်လံပြသခဲ့ကြကြောင်း သိရသည်။ **ရွှေအင်းသား-ခင်မောင်ဝင်း**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထုံးဘိုရှိ တပ်မတော်အကြီးစားစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထုံးဘိုရှိ တပ်မတော်အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း မော်တော်ယာဉ်အတွက် လိုအပ်သည့် အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ထားရှိမှု၊ Machine Shop နှင့် Diesel Engine Manufacturing Plant အတွင်း လိုင်းများအတွင်းရှိ အင်ဂျင်ထုတ်လုပ်သည့် လိုင်းများရှိ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်ရုံဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၁၆ ခုနှစ်တွင် စက်ရုံအား တပ်မတော်မှလွှဲပြောင်းရယူပြီးချိန်၌ ရပ်တန့်နေသော မော်တော်ယာဉ်နှင့် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်မှုကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး ယခုအခါ မော်တော်ယာဉ်များ စတင်ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ပထမဆုံးကိုယ်ပိုင် ဒီဇိုင်းဖြင့် မော်တော်ယာဉ်များအား စတင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ရာ အစီး ၁၀၀ မြောက် ထုတ်လုပ်ပြီးစီးနိုင်ခဲ့၍ ဂုဏ်ပြုပါကြောင်း ပြောကြားကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)သည် ယခင်က အမှတ်(၂) စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်၍ Mazada Jeep၊ B -600၊ T-2000၊ မော်တော်ယာဉ်များ ထုတ်လုပ်ခဲ့ကာ ၂၀၁၆ ခုနှစ်တွင် တပ်မတော်က လွှဲပြောင်းရယူခဲ့ပြီး ယခုအခါ မော်တော်ယာဉ်များအား ဆက်လက်တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းအတွင်း၌ရှိသည့် လေယာဉ်ကွင်းသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လေယာဉ်ကွင်းအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး


**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) အဖွဲ့တို့သည် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်ဖက်တွေ့ဆုံညှိနှိုင်းမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများလျှော့ချရေးနှင့် ပဋိပက္ခဖြစ်စဉ်များ လျှော့ချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိငြိမ်းချမ်းရေးလမ်းကြောင်းတွင် ဆက်လက်ပါဝင်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ စပ်ခွန်ဆိုင် ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ တွေ့ဆုံ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် ဦးဆောင်သော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Wissanu Krean-gam နှင့် ဗန်ကောက်မြို့ရှိ ဒုတိယဝန်ကြီးချုပ်ရုံး ဧည့်ခန်း၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် လက်ရှိမြန်မာနိုင်ငံသတင်းမီဒီယာအခြေအနေ၊ ထိုင်းနိုင်ငံသတင်းမီဒီယာအခြေအနေ၊ သတင်းမီဒီယာဥပဒေပြင်ဆင်မှုအခြေအနေ၊ အာဆီယံသတင်းမီဒီယာကောင်စီဖွဲ့စည်းရန်အခြေအနေ၊ သတင်းမီဒီယာလွတ်လပ်ခွင့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ ကောင်စီဝင်များဖြစ်သည့် ဒေါ်အိအိတင်နှင့် ဒေါ်သင်းသင်းသာတို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဖေဖော်ဝါရီ ၂၄ ရက်က ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံကောင်စီအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဖေဖော်ဝါရီ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ဗန်ကောက်မြို့နှင့် ချင်းမိုင်ရှိ သတင်းမီဒီယာဌာနများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်(၄၃)ကို ဖော်ဆောင်မည့် ကဏ္ဍပေါင်းစုံ ပါဝင်သော ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ အာရီယန်စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့အတွက် အာဟာရသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကျန်းမာရေးသည် အရေးကြီးပါကြောင်း၊ ကျန်းမာရေးဆိုသည့်နေရာတွင် အာဟာရပြည့်ဝသည့် လူမျိုးများဖြစ်ရန်လိုကြောင်း၊ လူမျိုးတစ်မျိုးသည် အာဟာရပြည့်ဝမှ တခြားလူမျိုးများနှင့် ယှဉ်နိုင်ပြီး နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်မှာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် စားနပ်ရိက္ခာပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုလေ့လာရေးစစ်တမ်း ကနဦးရလဒ်ထုတ်ပြန်ချက်အရ အိုင်အိုဒင်းချို့တဲ့မှုနှင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်းများသည် တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်အနေဖြင့် ဘက်စုံပြည့်ဝသည့် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးရေးစီမံချက်တစ်ခု မဖြစ်မနေလိုအပ်လာပါကြောင်း။

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲမှ အတွေ့အကြုံများ၊ ရလဒ်များ၊ အကြံပြုချက်များကိုအခြေခံပြီး ရခိုင်ပြည်နယ်အတွက် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းကို ကဏ္ဍပေါင်းစုံက ပါဝင်ညှိနှိုင်းဆွေးနွေးကာ ပြည်နယ်၏ အနာဂတ်ကောင်းမွန်ရန် ရည်မှန်း၍ အာဟာရနှင့်သက်ဆိုင်သော လိုအပ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်လက်တွဲဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဦးဆောင်ပြီး နီးနွယ်ဆက်စပ်နေသည့်ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ၂၅-၂-၂၀၁၉ ရက်နေ့၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှတ်တမ်း

# ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ။** ။အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point Presentation ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် မေးမြန်းမယ့် မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင်အရ Service Provider ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော် လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း ကြပ်မတ်စိစစ်အရေးယူပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

### ဖြေရှင်းပေးနိုင်ခြင်းမရှိသေး

**ဥက္ကဋ္ဌကြီးခင်ဗျား။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ယနေ့ထုတ်လုပ်ပေးထားတဲ့ ဆက်သွယ်ရေးလိုင်စင် Service Provider အမျိုးအစား သုံးမျိုးရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းတွေ ရှိမယ်။ ဆက်သွယ်ရေးလိုင်းဝန်ဆောင်မှုလုပ်ငန်းတွေရှိမယ်။ တယ်လီဖုန်းလိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ Mobile Telecom တွေပါ။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ပေါင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၁၇၀ လောက် ထုတ်ပေးထားတယ်လို့ သိရှိရပါတယ်။ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်း (Internet Service Provider) ဆိုတာကတော့ ခေတ်အဆက်ဆက် Bagan Net ကနေစပြီး Broadband၊ V-Sat၊ IP Star၊ ADSL ကစပြီး ဒီနေ့အချိန်မှာ Myanmar Net၊ Ananda အထိ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေပါ။ ဒီ လုပ်ငန်းတွေမှာ ဝန်ဆောင်မှုလုပ်ငန်းကြေညာတုန်းက တစ်မျိုး၊ ပြီးတော့တစ်မျိုးဖြစ်ခဲ့ကြလို့ စီးပွားရေး လုပ်ငန်း ရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ၊ အင်တာနက် အသုံးပြုခဲ့ကြတဲ့သူတွေ ဘယ်လောက်အထိ ခံစားခဲ့ကြ မလဲဆိုတာ အားလုံးအသိပါပဲ။ ယနေ့အချိန်အထိ အကာအကွယ် မရသေးပါဘူး။ ဆက်သွယ်ရေးလိုင်းအသုံးပြု ဝန်ဆောင်မှုလုပ်ငန်းတွေ (Connection Service Provider) ပါ။ ဒါတွေကတော့ ဘဏ်နှင့်ငွေကြေးလုပ်ငန်းတွေ၊ E-Commerce တွေ၊ လက်လီအရောင်းဆိုင်တွေ အများစုအသုံးပြုနေခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကဆိုရင် အင်တာနက်ဝန်ဆောင်မှုက Telenor Broadband ဝန်ဆောင်မှုလုပ်ငန်းမှာ ပြဿနာတွေ ပေါ်တယ်။ အခုအင်တာနက်လိုင်း Connection Service Provider သုံးတဲ့ Red dot ဝန်ဆောင်မှု လုပ်ငန်းပြီးခဲ့တဲ့ ရက်ပိုင်းက ပြဿနာပေါ်တယ်။ ယနေ့ အချိန်အထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ဒီအထဲမှာ တယ်လီဖုန်းဝန်ဆောင်မှု၊ Mobile Telephone ဝန်ဆောင်မှု၊ Telecom Service Provider လေးခု ရှိပါတယ်။ MPT ရှိမယ်။ Telenor ရှိမယ်။ Ooredoo ရှိမယ်။ Mytel ရှိမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စာရင်းစစ်ချုပ်အစီရင်ခံစာအရ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့သုံးသပ်အစီရင်ခံ စာအရ နိုင်ငံတစ်ဝန်းလုံးမှာ မရှိမဖြစ် သုံးရတဲ့လောက နိဗ္ဗာန် အိမ်သုံးလျှပ်စစ်မီတာ အခွန်ရငွေ စုစုပေါင်းက ဘီလီယံ ၅၂၀ ရတယ်လို့ ဆိုပါတယ်။ ဒီထဲကမှ နိုင်ငံ တစ်ဝန်းလုံးအတွက် တယ်လီဖုန်းပြောဆိုမှုအတွက် အသုံးပြုတဲ့ ငွေစုစုပေါင်းက ဘီလီယံ ၂၁၀၀ တောင်ရှိ တယ်ဆိုတာ အံ့သြဖွယ်ရာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေ ဆက်သွယ်ရေးအတွက် ဘယ်လောက်သုံးနေကြတယ်။



ဒေါက်တာ လှမိုး အောင်မြေသာစံ မဲဆန္ဒနယ်

ဒီဆက်သွယ်ရေးကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ဘယ်လောက်ဆောင်ရွက်ခဲ့ကြလဲ။ ဝမ်းသာစရာပါ။ ကျေနပ်စရာပါ။ မြန်မာနိုင်ငံလူဦးရေဟာ ဒီနေ့ အချိန်မှာ ၅၄ သန်းနီးပါးရှိနေပါပြီ။ ဒါပေမဲ့ Mobile Telephone အသုံးပြုတဲ့ အရေအတွက်က သန်း ၆၀ နီးပါးရှိနေပါပြီ။ အင်တာနက်အသုံးပြုသူအရေအတွက်က သန်း ၃၀ နီးပါးရှိနေပါပြီ။

### နည်းမျိုးစုံနဲ့ဖြတ်တောက်

**ဥက္ကဋ္ဌကြီးခင်ဗျား။** ဒီထဲကမှ ပြီးခဲ့တဲ့လပိုင်းတွေ အတွင်းမှာ ပြဿနာတွေ အများကြီးပေါ်ပါတယ်။ လူမှုကွန်ရက်တွေမှာဆိုလို့ရှိရင် တယ်လီဖုန်းတွေက ငွေထည့်လိုက်တယ်။ ခဏလေးနဲ့ ကုန်သွားတယ်။ ဘာတွေဖြစ် မှန်းမသိဘူး ပြောလာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော်ရဲ့ဖုန်းကို စစ်ဆေးကြည့်တဲ့အခါမှာ ဒီလိုမျိုး Game Mania၊ Game Haven၊ Application Store ၄၉၉ ကျပ်၊ ၄၅၀ ကျပ်၊ ၃၁၅ ကျပ် နည်းမျိုးစုံနဲ့ စက်တင်ဘာလကတည်းက ကျွန်တော့်ကို ဖြတ်တောက် ထားတာပါ။ ဒီလိုနဲ့ ကျွန်တော်ရဲ့မိသားစုကို ကြည့်လိုက် တော့ ဒီအတိုင်းပဲ ဖြတ်ထားတာ။ ကျွန်တော့် မိတ်ဆွေ အပေါင်းအသင်းတွေ ကြည့်လိုက်တော့လည်း ဒီအတိုင်းပဲ ဖြတ်တောက်ထားတယ်။ တစ်နိုင်ငံလုံး ဖြတ်တောက်ထားတဲ့အနေအထားပါ။ ဒါကို ကျွန်တော့်အနေနဲ့ Complain တက်ပါတယ်။ Complain တက်တဲ့အခါကျတော့ ဒါသည် လူကြီးမင်းက မှားယွင်းပြီးနှိပ်ထားလို့ မှားယွင်းပြီးနှိပ်ထားလို့။ ကျွန်တော်တို့မှားယွင်းမနှိပ်ဘူး။ ဒီဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့မယူဘူး။ ဘာဖြစ်လို့ ကျွန်တော်တို့ကို ဖြတ်သလဲ။ ကျွန်တော်တို့ လေးခါ၊ ငါးခါ၊ ခြောက်ခါလောက် Complain တက်မှသာလျှင် ပြန်လည်စစ်ဆေး ပေးပါမယ်ဆိုတဲ့အဖြေရတယ်။ ဒီလိုပြီးတဲ့အခါမှာ ကျွန်တော်တို့ဆီကို မှားယွင်းဖြတ်တောက်မိတဲ့အတွက် ပြန်လည်ထည့်ပေးပါမယ်ဆိုတဲ့ ဟာနဲ့ ပြန်ထည့်ပေးတဲ့စာရင်းတွေပါ။ ဒီလိုလူမျိုး ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဘယ်လောက် ရှိနေပြီလဲ။

### ကြပ်မတ်စစ်ဆေးအရေးယူပေးရန် မေးမြန်း

**ဥက္ကဋ္ဌကြီးခင်ဗျား။** ဒီလိုဖြတ်တောက်မှုဆိုင်ရာမှာ သုံးစွဲသူသန်း ၆၀ ကျော်ရှိတဲ့နေရာမှာ တစ်ပတ်ကို ဝန်ဆောင်မှုတစ်မျိုးအတွက် ဦးရေတစ်သန်းပဲ မှားဖြတ် တယ်ထား။ တစ်ပတ်ကို သန်း ၅၀၀ လောက် နစ်နာပါတယ်။ တစ်လကို နှစ်ဘီလီယံလောက်နစ်နာပါတယ်။ တစ်နှစ်ကို ၂၅ ဘီလီယံလောက် သုံးစွဲသူတွေ နစ်နာပါတယ်။ နိုင်ငံတကာအဆင့် Telecom ကုမ္ပဏီကြီးတွေဖြစ်ပြီးတော့ ဒီလိုမျိုးပညာနှင့်အသိဉာဏ်နည်းပါးတဲ့ ကျွန်တော်တို့နိုင်ငံ သူနိုင်ငံသားတွေအပေါ်မှာ ဒီလိုအခွင့်ကောင်းယူပြီး အကျိုးအမြတ်ရယူခြင်းဟာ ဒီကုမ္ပဏီကြီးတွေဟာ ကျင့်ဝတ်နဲ့ ကိုက်ညီကြရဲ့လား။ စဉ်းစားစေချင်ပါတယ်။ ရှက်စရာလည်း ကောင်းလှပါတယ်။ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ နစ်နာ အောင်လုပ်ခြင်းဟာ နိုင်ငံတော်အပေါ်မှာ နစ်နာခြင်းလို့ ကျွန်တော်တို့ခံစားရပါတယ်။ ပြီးရင် နိုင်ငံတော်ရဲ့ဥပဒေအပေါ်မှာ မထီမဲ့မြင်လုပ်တယ်လို့လည်း ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဒါဟာကုမ္ပဏီတစ်ခုတည်းတင်မဟုတ်ပါဘူး။ Telecom တစ်ခုတည်းတင် မဟုတ်ပါဘူး။ Telecom တိုင်းမှာ ဖြစ်နေတဲ့ပြဿနာပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများ အပေါ် ဆက်သွယ်ရေးအခွင့်အရေးချိုးဖောက်နေတဲ့ ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



ဦးသာဦး ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန

**ဥက္ကဋ္ဌ။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါက်တာလှမိုး၏ ဆက်သွယ်ရေးသုံးစွဲသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေး လိုင်စင် ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း ကြပ်မတ်စစ်ဆေး အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

### အသိပညာပေးမှုများ ဆောင်ရွက်သွားမည်

ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ ကောက်ခံမယ့် ဝန်ဆောင်ခနှုန်းထားတွေကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တစ်ဆင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်သွယ်ရေးအော်ပရေတာများမှ အဆိုပြုတင်ပြလာသော ဝန်ဆောင်ခနှုန်းထားများကို စိစစ်ခွင့်ပြုရာတွင် ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၀ နည်းဥပဒေခွဲ(က) အရ ကောက်ခံမည့်နှုန်းထားများသည် ထိုက်သင့်မျှတခြင်း ရှိ၊ မရှိနှင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ထိခိုက်စေခြင်း ရှိ၊ မရှိ တို့ကို စိစစ်ပြီးမှသာလျှင် ခွင့်ပြုပေးလျက်ရှိပါတယ်။ အကယ်၍ အဆိုပါခွင့်ပြုချက်ရရှိထားပြီးဖြစ်သော ဝန်ဆောင်ခနှုန်းထားများကို ဆက်သွယ်ရေးအော်ပရေတာများက သုံးစွဲသူများသိရှိအောင် ကြော်ငြာရာတွင် ခွင့်ပြုထားသည့် ဝန်ဆောင်ခနှုန်းထားနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိပါက သို့မဟုတ် တိုင်ကြားမှုများရှိလာပါက စိစစ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(က) တို့ဖြင့် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာများက ၎င်းတို့ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သုံးစွဲသူများသို့ အသိပေးကြေညာချက်များအပေါ် သုံးစွဲသူများအနေဖြင့် နားလည်မှုလွဲမှားပြီး ထိခိုက်နစ်နာမှု မရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများအား သုံးစွဲသူများကို ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နားလည်အောင် အသိပေးကြေညာရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း မိမိ အသုံးပြုမည့်အစီအစဉ်များနှင့်စပ်လျဉ်းပြီး လက်ခံရွေးချယ်သုံးစွဲခြင်းမပြုမီ သက်ဆိုင်ရာအော်ပရေတာများ၏ အသိပေးကြေညာချက်များအပေါ် သေသေချာချာ နားလည်သဘောပေါက်သည်အထိ ဖတ်ရှုပြီး ရွေးချယ်အသုံးပြုစေရန် အသိပညာပေးမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### တိုင်ကြားမှုများအပေါ် ပူးပေါင်းဖြေရှင်း

ဆက်သွယ်ရေးဝန်ဆောင်မှုအသုံးပြုသူများအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာများရဲ့ဝန်ဆောင်မှုအပေါ် ဝန်ခံ ကတိပြုချက်များနှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသို့ လည်းကောင်း တိုင်ကြားနိုင်ပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လတ်တလောအားဖြင့်လည်း မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများနှင့်စပ်လျဉ်းပြီးတော့ သုံးစွဲသူများက တိုင်ကြားလာမှုများအပေါ်မှာ သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေးအတွက်စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။ ကျွန်တော့်အား တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားတဲ့အထဲမှာ အဖြေနဲ့ ကျွန်တော်မေးထားတဲ့ မေးခွန်းနဲ့ တော်တော်လေးကို တိမ်းစောင်းနေပါတယ်။ ကျွန်တော်တို့ လိုချင်တဲ့အဖြေမရှိပါဘူး။ ကျွန်တော်တို့ ဆိုလိုချင်တာက တစ်နိုင်ငံလုံး သုံးနေတဲ့ ဒီနေ့အင်တာနက်ဝန်ဆောင်မှု၊ ဖုန်းဝင်ဆောင်မှု သုံးနေတဲ့သူတွေဟာ မလျော်မကန်ဖြတ်တောက်ခြင်း ခံနေရတယ်။ ခုနကလည်း ကျွန်တော်တင်ပြထားပါတယ်။ စားသုံးသူတွေ ဘယ်လိုလုပ်နားလည်မလဲ။ ကျွန်တော်တို့ နိုင်ငံမှာ ပညာ၊ အသိဉာဏ်နည်းပါးတဲ့သူတွေ ဒီအင်္ဂလိပ်လိုပြောလို့ ကျွန်တော်တို့ ဘယ်လိုလုပ်နားလည်မလဲ။ ဒါပေမယ့် ဝန်ဆောင်မှု ကျွန်တော်တို့ကိုယ်တိုင်လည်းမယူပါဘူး။ မယူဘဲနဲ့ဖြတ်တောက်ထားတဲ့ကိစ္စ။ ကျွန်တော်ဆိုရင် ခြောက်မျိုး၊ ခုနစ်မျိုး အပတ်စဉ် အဖြတ်ခံရတယ်။ မနေ့ကထိကို ဖြတ်တုန်း။ ဖြတ်တိုင်း Complain တက်တုန်း။ Complain တက်ရင်း မှားတယ်ဆိုပြီး ပြန်ပေးရင်း။ ဒါစနစ်တကျ ဖြတ်တောက်နေတယ်လို့ ခံစားရပါတယ်။

### နစ်နာမှုဖြစ်

**ဥက္ကဋ္ဌကြီးခင်ဗျား။** ကျွန်တော်တို့ သန်း ၅၀သော လူမျိုးမရွေး၊ တိုင်းရင်းသားမရွေး၊ ဘာသာမရွေး၊ အဖွဲ့အစည်းမရွေး၊ ကျောင်းသားလူငယ်ကစပြီး သက်ဆိုင်ပြီး ခံစားနေရတဲ့ နစ်နာမှုဖြစ်ပါတယ်။ သုံးစွဲသူများက၊ ကျွန်တော်တို့က ကြိုတင်ငွေထည့်ပေးတာဖြစ်ပါတယ်။ ဒီကြိုတင်ငွေဟာ ကျွန်တော်တို့ ပိုက်ဆံဖြစ်ပါတယ်။ သုံးစွဲသူများ ပိုင်ဆိုင်တဲ့ ငွေကြေးဖြစ်ပါတယ်။ ဒီသုံးစွဲတဲ့ ငွေကြေးကို ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ ဖြတ် တောက်ခြင်းသည် အဒိန္နာဒါနကံ ခိုးယူခြင်းမြောက်ပါတယ်။ နောက်တစ်ခါ ဒီလိုဖြတ်တောက်ခြင်းဟာ ကျွန်တော်တို့မသိဘဲနဲ့ ကျွန်တော်တို့ကComplain တက်မှ ပြန်ပေးတာဟာ၊ လက်ပူးလက်ကြပ်မိမှပြန်ပေးတာဟာ ခိုးတာဟာခိုးတာပါပဲ။ နောက်တစ်ခါ သုံးစွဲသူများဟာ ကြိုတင်ငွေကို ဒီသက်ဆိုင်ရာ Telecom ကို ယုံကြည်လို့ ဖြည့်ပေးလိုက်တာပါ။ **စာမျက်နှာ၁၀ သို့** ❖

❖ စာမျက်နှာ ၉ မှ

ဒီယုံကြည်လို့ဖြည့်ပေးလိုက်တဲ့ ငွေကြေး။ တစ်နိုင်ငံလုံး ခံစားနေရတာသိပါတယ်။ ဒီငွေကြေးကို ကျွန်တော်တို့ မသိဘဲနဲ့ ဖြတ်တောက်ခြင်းက အလွဲသုံးစားပြုမှု မြောက်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆက်သွယ်ရေး ဥပဒေရှိပါတယ်။ ပုဒ်မ ၆၆ ပုဒ်မခွဲ (ဂ)မှာ ဘာအထင်အရှား ဖော်ပြထားလဲဆိုတော့ ဆက်သွယ်ရေးကွန်ရက်တစ်ခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း အားလုံးမြောက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ငွေတွေပါ။ ကျွန်တော်တို့သုံးစွဲသူ နိုင်ငံသူနိုင်ငံသားတွေပါပဲ။ ဒါကြောင့်မို့လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးနဲ့ ပတ်သက်ရင် Regulatory body တစ်ခုအနေနဲ့ ဖြစ်ပါတယ်။ Regulatory body ဆိုတာက Telecom တွေအချင်းချင်းတွင် ထိန်းကျောင်းပေးရတာမဟုတ်ပါဘူး။ Telecom တွေနဲ့ Subscriber အကြားမှာ ထိန်းကျောင်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့ မေးခွန်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့ နစ်နာသူ နိုင်ငံသူနိုင်ငံသားများကိုယ်စား မည်သို့တရားစွဲဆောင်ရွက်ပေးမည်ဆိုတာရယ်၊ နောက်တစ်ချက်က နိုင်ငံသူနိုင်ငံသားများအတွက် ဆုံးရှုံးသွားတဲ့ငွေများကို ပညာရေးနှင့် ကျန်းမာရေးအတွက် အသုံးပြုနိုင်ရန်အတွက် မည်သို့ မည်ပုံ ဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တာလည်း မှန်ပါတယ်ခင်ဗျ။ တချို့ Service Provider တွေက ကြော်ငြာတာတစ်မျိုး၊ လုပ်တာတစ်မျိုးလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အရေးယူပြီးတော့ ဒဏ်ရိုက်တာတွေ၊ အရေးယူမှုတွေလုပ်ခဲ့ရပါတယ်။ တချို့ကိစ္စတွေမှာဆိုရင် ဒီလိုမျိုးမှားယွင်းဖြတ်တောက်တဲ့ကိစ္စတွေ သူတို့စက်ကြောင့်ပဲမှားမှား၊ ဘာကြောင့်ပဲမှားမှား ခံရတာကျွန်တော်တို့ ပြည်သူလူထုပါ။ သုံးစွဲသူတွေက ခံရပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးကိစ္စတွေကိုလည်း တချို့ Operator တွေဆို ဘီလီယံနဲ့ချီပြီး လျော်ခဲ့ရဖူးတာလည်း ရှိပါတယ်။ သုံးစွဲသူတစ်ယောက်ချင်းကို ပြန်ပြီးလျော်ပေးရပါတယ်။ အဲဒီလိုမျိုးလည်း လုပ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း သူတို့ကြော်ငြာတာတွေ၊ သူတို့ Service တွေ ဘယ် Promotion နဲ့ ဘယ်လိုပေးနေတယ်ဆိုတာတွေ စိစစ်နေပါတယ်။ ဒါပေမယ့် တချို့ကိစ္စတွေကျတော့လည်း ကျွန်တော်တို့က မသိနိုင်တာလည်း ရှိပါတယ်။ တကယ်ခံစားရတာက သုံးစွဲသူတွေက ခံစားရပါတယ်။ အဲဒီတော့ သုံးစွဲသူတွေက သူတို့ကိုလည်း Complain လုပ်တာလည်းလုပ်ပါ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကိုလည်း တိုင်ကြားပေးပါခင်ဗျား။ အဲဒီလိုတိုင်ကြားပေးမယ်ဆိုရင် ကျွန်တော်တို့ တောက်လျှောက်အရေးယူရပါမယ်။ အရေးလည်းယူရပါမယ်။ ဒါပေမယ့် သူတို့ကလည်း ဥပဒေအရ လုပ်ရမယ်။ Regulator အပိုင်းကလည်း ဥပဒေအရ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရဆိုရင် ဆက်သွယ်ရေးဥပဒေမှာ အဓိကအားဖြင့် သူတို့ကို အရေးယူနိုင်တာ ဥပဒေအရ သုံးချက်ပဲရှိပါတယ်။ (၁) က သတိပေးမယ်။ တစ်ခုဖောက်တာနဲ့ သိတာနဲ့ သတိပေးမယ်။ (၂)အချက်က သူတို့ရဲ့လိုင်စင်ကို သတ်မှတ်ထားတဲ့အချိန်ကာလတစ်ခုအထိ ယာယီရပ်ဆိုင်းမယ်။ နောက်တစ်ချက်က လိုင်စင်ကို အပြီးပိတ်သိမ်းမယ်။ အဲဒီလိုမျိုး ဥပဒေမှာ သူတို့ကိုအရေးယူလို့ရတာ အဓိကသုံးချက်ပဲပါပါတယ်။ ပထမတစ်ချက်က Warning ပေးတယ်။

**တရားစွဲလို့ရတဲ့ အခြေအနေမရှိ**

သတိပေးတယ်ဆိုတာကတော့ သူတို့လည်း ဘာမှမမှုလောက်တဲ့ကိစ္စပါ။ ဒုတိယအချက်နှစ်ချက်ဖြစ်တဲ့ လိုင်စင်ကို ယာယီရပ်တယ်။ အပြီးပိတ်သိမ်းတယ်ဆိုတဲ့ကိစ္စက ဥပဒေမှာပါပေမယ့် တကယ်လုပ်လို့မရဘူးခင်ဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဥပမာဆိုပါတော့ Operator တစ်ယောက်က တစ်ယောက်၊ တစ်ယောက်ကို အနည်းဆုံး Operator က My Tel ဆိုရင် ငါးသန်းလောက်ရှိပါတယ်။ Ooredoo ဆို ဆယ်သန်းလောက်ရှိတယ်။ MPT ဆို ၂၁ သန်းလောက်ရှိတယ်။ Telenor ဆို ၁၉ သန်းလောက်ရှိတယ်။ သူတို့က တစ်နာရီလေး ၁၀ မိနစ်လောက်ပိတ်လို့ မရဘူးခင်ဗျ။ ပိတ်လိုက်တာနဲ့ သုံးစွဲသူတွေအားလုံးက ထိခိုက်ပါတယ်။ အဆက်အသွယ်ပြတ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နည်းဥပဒေမှာတော့ တစ်မျိုးဖြစ်နေပါတယ်။ နည်းဥပဒေမှာတော့ ဒဏ်ရိုက်လို့ရတယ်ဆိုပြီး ထည့်ထားတယ်။ သူတို့ရဲ့ပြီးခဲ့တဲ့နှစ်ရဲ့ဝင်ငွေရဲ့၅ ရာခိုင်နှုန်းအထိကို ဒဏ်ငွေရိုက်လို့ရပါတယ်ဆိုတာရှိပါတယ်။ နည်းဥပဒေမှာ ဥပဒေနဲ့ ကွဲပြားစွာ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါပေမယ့် သူတို့ပေးတဲ့လိုင်စင်မှာလည်း အဲဒီလိုမျိုး ၅ ရာခိုင်နှုန်း ဒဏ်ရိုက်လို့ရတယ်ဆိုတာပါတဲ့အတွက် အဲဒါနဲ့ ကျွန်တော်တို့ ဒဏ်ရိုက်လေ့ရှိပါတယ်။ ဆက်လက်ပြီး ဥက္ကဋ္ဌကြီးကိုတင်ပြလိုတာက ကျွန်တော်တို့ ဒီဥပဒေမှာပါတဲ့ အချက်သုံးချက်မှာ နှစ်ချက်က တကယ် Practicable မဖြစ်ပါဘူး။ တကယ်လုပ်လို့မရတဲ့ ကိစ္စတွေဖြစ်နေပါတယ်။ အဲဒီတော့ ဒီဥပဒေကို ကျွန်တော်တို့ပြင်ဆင်ဖို့ရယ်၊ နည်းဥပဒေမှာ ပြန်လည်ပြင်ဆင်ဖို့လည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆက်သွယ်ရေးလုပ်ငန်းနဲ့ပတ်သက်လို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းပေးနေတဲ့ Service Provider တွေကနေပြီးတော့ မလျော်မကန်လုပ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခုနလွှတ်တော် ကိုယ်စားလှယ်ကြီးပြောသလို ကျွန်တော်တို့က တရားစွဲလို့ရတဲ့ အခြေအနေမရှိပါဘူး။ ဒါပေမယ့် ခုနပြောသလို ပုဒ်မ ၆၆(ဂ) နဲ့ဆိုရင်တော့ တစ်မျိုးဖြစ်နိုင်ပါတယ်။ ဒါကို အသုံးချပြီး ပြန်လုပ်ရင်တော့ ရနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ အလေးထားပြီးတော့ ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အလျင်အမြန် ဆောင်ရွက်ပေးဖို့လို**

**ဥက္ကဋ္ဌ။** ။ အခုကတော့ မလျော်မကန်ဖြတ်တောက်မှုတွေက ဖြစ်ပေါ်နေပြီဆိုတာ ပေါ်ပေါက်နေပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒါကို ဘယ်လို ဖိဖိစီးစီးအရေးယူဆောင်ရွက်မယ်ဆိုတဲ့အပိုင်းတွေလည်း ဒါဝန်ကြီးဌာနအနေနဲ့ အလျင်အမြန်ဆောင်ရွက်ပေးဖို့လိုမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အားလုံးနဲ့သက်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**(သြဘာသံများ)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ပါတီဌာနချုပ်၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပါတီဗဟိုပြောရေးဆိုခွင့်အဖွဲ့မှ ဦးသောင်းအေး၊ ဒေါက်တာနန္ဒာလှမြင့်၊ ဦးအောင်ချိုဦး၊ ဦးသိန်းထွန်းဦး၊ ဒေါ်နန်းမြမီမီဇော်နှင့် ဒေါ်ယမင်းမြင့်ဆွေတို့က နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသောဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**




**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

»» ရှေ့ဖုံးမှ

ပြီးခဲ့တဲ့ ရက်ပိုင်းက သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေကို မပြောသေးဖို့ ဒီနေ့မှာပြောမယ်ဆိုပြီး မေတ္တာရပ်ခံထားတာဖြစ်ပါတယ်'' ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**စစ်ဆေးမှုပြုလုပ်သွားမည်**

လက်ရှိတူးဖော်ပြီးသား ငါးမွေးမြူရေးကန်များကို သဘာဝပတ်ဝန်းကျင် (EIA)နှင့် လူမှုရေးအကျိုးသက်ရောက်မှု (SIA) ဆန်းစစ်လေ့လာချက်အရ လိုအပ်ပါက စစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသော အချက်လေးချက်ကို ကျင့်သုံးရမည်ဖြစ်ကာ ယင်းတို့မှာဒဏ်ကြေးငွေပေးဆောင်ခြင်း၊ သတ်မှတ်သောနည်းလမ်းအတိုင်း ပြန်လည်အသုံးပြုစေခြင်း၊ သတ်မှတ်သောနည်းလမ်းအတိုင်းအသုံးမပြုသူများကို နှင်ထုတ်ခြင်းနှင့် လယ်ယာမြေပေါ်တွင် အိမ်ဆောက်ခြင်း သို့မဟုတ် အခြားစီးပွားရေးအဆောက်အအုံ တည်ဆောက်ခြင်းတို့ကို ဖျက်ဆီးခြင်းတို့ဖြစ်သည်။

ယင်းပမာဏအဖြစ် ဒဏ်ကြေးငွေကောက်ခံခြင်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)နှင့် လူမှုရေးအကျိုးသက်ရောက်မှု(SIA)များ ပြုလုပ်ကာ တူးဖော်ထားသည့်မွေးမြူရေးကန်များအပေါ် ကောက်ခံမည် မဟုတ်ကြောင်း ဒေါက်တာအောင်သူက ဆက်လက်ပြောကြားသည်။

''လုပ်ခဲ့ပြီးသား ငါးကန်တွေကို ငွေကျပ် ၃၀၀၀၀ ပဲ ဒဏ်ရိုက်ဖို့ ညှိနှိုင်းခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စာကိုထုတ်ပေးပါမယ်။ နောင်လုပ်ချင်တယ်ဆိုရင် သေသေချာချာလျှောက်ပါ။ ငါးလုပ်ငန်းအဖွဲ့ကနေ စုစည်းပြီးတော့ ကျွန်တော်တို့ဆီ ကော်ပီပေးလည်းရပါတယ်။ ကျွန်တော်တို့ တွန်းအားပေးပါမယ်။ ပိုက်ဆံတစ်ပြားမှ မပေးရဘဲနဲ့ ခွင့်ပြုမိန့်ရပါမယ်။ ဒါပေမယ့် လုပ်ချင်တိုင်းတော့ လုပ်လို့မရဘူး။ ငွေကျပ် ၃၀၀၀၀ ပဲ ချတယ်ဆိုတာက အရင်တူးပြီးသား ငါးကန်တွေကို ဆိုလိုတာပါ။ ငါးကန်လုပ်ရင် ဒဏ်ကြေး ငွေကျပ် ၃၀၀၀၀ ပဲရှိမှာ မဟုတ်ပါဘူး။ နောက်ဆက်လုပ်မယ့်ဟာတွေက ဥပဒေနဲ့အညီ လုပ်ဆောင်တာဖြစ်အောင် ဥပဒေအရ အရေးယူတာတွေ လုပ်ပါမယ်'' ဟု ဒေါက်တာ အောင်သူက ပြောသည်။

**ခွင့်ပြုမိန့်လျှောက်ထားရမည်**

လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၎င်းစတင်တာဝန်ယူချိန်နောက်ပိုင်း ခြောက်လအကြာတွင် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတို့ကို ပြင်ဆင်ရေးဆွဲ၍ လွှတ်တော်သို့ တင်ပြခဲ့သော်လည်း လယ်ယာမြေဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးရန် ကျန်ရှိနေသေးခြင်းဖြစ်ပြီး ကျန်ဥပဒေနှစ်ခုကို ၂၀၁၈ ခုနှစ်အတွင်း၌ လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းထားကြောင်း သိရသည်။

နောင်တစ်ချိန်တွင် လယ်ယာမြေများကို အခြားနည်းသုံးစွဲချင်ပါက မှန်မှန်ကန်ကန်တင်ပြ၍ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ပြီး မြို့ရွာနယ်နိမိတ်အတွင်းရှိ လယ်ယာမြေတွင် အိမ်ရာတည်ဆောက်ခြင်း သို့မဟုတ် အခြားစီးပွားရေး လုပ်ကိုင်ဆောင်ရွက်ထားပါက ယင်းမြေပေါက်ဈေးအတိုင်း အခွန် ၃၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေး**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ''အဲဒါကို ကျွန်တော်တို့ကတော့ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုရင် လုပ်ခဲ့ပြီးသားလုပ်ငန်းတွေက မလျှောက်တာမဟုတ်ဘူး။ လျှောက်ကြတယ်။ ဒါပေမယ့် ဥပဒေအရ ခက်ခဲနေတာပါ။ ဒီအခက်အခဲကို လက်ရှိအစိုးရလက်ထက်မှာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေနဲ့ ညှိနှိုင်းပြီးတော့ ဒီလိုဖြေရှင်းပေးတာ ကျေးဇူးတင်ပါတယ်။ အခုလို အစိုးရက စဉ်းစားပြီးတော့ ဆောင်ရွက်ပေးတဲ့အတွက် မြန်မာနိုင်ငံရဲ့ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းက အကျိုးရှိပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးလိုက်တဲ့ စေ့ဆော်မှုလို့ ကျွန်တော်တို့ဘက်က ယုံကြည်ပါတယ်'' ဟု ပြောသည်။

**ဒဏ်ကြေးငွေကြီးမြင့်မှုကို ဖြေလျှော့ပေးရန် တောင်းဆိုလာ**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် တပ်မတော်အစိုးရလက်ထက်မှစ၍ လက်ရှိ အမျိုးသားဒီမိုကရေစီအစိုးရလက်ထက်အထိ လယ်ယာမြေကို အခြားနည်းသုံးစွဲသည့်အပေါ် ဒဏ်ကြေးငွေကြီးမြင့်မှုကို ဖြေလျှော့ပေးရန် တောင်းဆိုလာခဲ့ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းက မန္တလေးတိုင်းဒေသကြီးအစိုးရက တရားမဝင်တူးဖော်ထားသည့် ငါးကန်များအား တစ်ဧကလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် ဒဏ်ရိုက်သွားမည်ဆိုသည့်ထုတ်ပြန်ချက်အပေါ် ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် အဆင်မပြေနိုင်ကြောင်း လုပ်ငန်းရှင်များက ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ငါးမွေးမြူရေးကန် ဧကပေါင်း ၂၀၀၀၀၀ ကျော်၊ ကဏန်းမွေးမြူရေးကန်ဧကပေါင်း ၂၀၀၀ ကျော်နှင့် ပုစွန်မွေးမြူရေးကန်ဧကပေါင်း ၂၀၀၀၀၀ ကျော် စုစုပေါင်း ငါး၊ ပုစွန်မွေးမြူရေးကန် ဧကပေါင်း ၄၉၀၀၀၀ ကျော်အထိရှိနေပြီး ယင်းအထဲမှ ဧက ၁၃၀၀၀၀ ဝန်းကျင်သာ တရားဝင်လုပ်ကိုင်ခွင့်ရထားကာ ကျန်ဧက ၃၆၀၀၀၀ ကျော်မှာ တရားမဝင်လုပ်ကိုင်နေသည့်ငါး၊ ပုစွန်ကန်များဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

**အေးယမုံ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၈ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေ ဇော်သက်ဦး(ခ)ဗမာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၂-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာလမ်းပေါ်၌ သတင်းအရစောင့်ဆိုင်းစစ်စစ်နေစဉ် ၎င်းကျေးရွာနေ သက်နိုင်ဖြိုး(ခ)စပ်ကြား(၂၃)နှစ်၊ (ဘ)ဦးပိုနှင့် ဇော်သက်ဦး(ခ)ဗမာ(၃၉)နှစ်၊ (ဘ)ဦးညွန့်မောင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ထီးချိုင့်)မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဝင်းမောင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ ၎င်းကျေးရွာ၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၂)ဦးအား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၂-၂-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဝင်းမောင်(၆၆)နှစ်၊ (ဘ)ဦးစံသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သန်းလွင်ထွန်း(၃၇)နှစ်၊ (ဘ)ဦးလှဒန်တို့အား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၂၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဝက်တူးကျေးရွာနေ ကိုသန်းသန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၂-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ဝက်တူးကျေးရွာနေ ကိုသန်းသန်း(၅၃)နှစ်၊ (ဘ)ဦးပေါရင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူမှုန့်များကပ်နေသာ ပင်နယ်ဆလင်ပုလင်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ) ၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက် ဦးအောင်စိုး၏ဇနီး မမိနွယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၂-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်ကွက်၊ နယ်မြေ(၉)၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ တင်မျိုးသောင်း(ခ) အလီယာ(၄၁)နှစ်၊ (ဘ)ဦးသောင်းရင်နှင့် အောင်ဇေယျာရပ်ကွက်နေ နေမင်းထက်(၂၇)နှစ်၊ (ဘ)ဦးညွန့်တင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်ရှာဖွေရာ ၎င်းတို့(၂)ဦးထံမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ အောင်ဇေယျာရပ်ကွက်နေ မိနွယ်(ခ) မတင်သန်းနွယ်(၃၉)နှစ်၊ (ဘ)ဦးပြေအေးထံမှဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(မိတ္ထီလာ) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်တံတားလမ်းနေ ပိုင်ပိုင်နှင့် ဇေဖြိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၂-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်၊ တိုးချဲ့(၃)လမ်းရှိ “ပန်းရိပ်ညို”စားသောက်ဆိုင်၊ အခန်းအမှတ်(B/1)အား လျှို့ဝှက်သတင်းရယူဝင်ရောက်ရှာဖွေရာ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်တံတားလမ်းနေ ပိုင်ပိုင်(ခ)ဇင်ကိုကိုပိုင်(၂၂)နှစ်၊ (ဘ)ဦးခင်မောင်လွင်နှင့် တစ်ရပ်ကွက်တည်းနေ ဇေဖြိုး(ခ)ကုလား(၂၂)နှစ်၊ (ဘ)ဦးယဉ်ထွေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြိုင်သာယာ) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁/၂)ရပ်ကွက်၊ ဒဂုံလမ်းနေ နိုင်လင်းအောင်(ခ)အငယ်ကောင်နှင့် အတူးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁/၂)ရပ်ကွက်၊ ဒဂုံလမ်း၊ အိမ်အမှတ်(၂၄၈)နေ နိုင်လင်းအောင်(ခ) အငယ်ကောင်(၃၂)နှစ်၊ (ဘ)ဦးဝင်းမောင်နှင့်အတူနေ ဖြိုးကျော်ထူး(ခ)အတူး(၃၃)နှစ်၊(ဘ)ဦးကျော်ထွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း ဖြိုးကျော်ထူး(ခ)အတူး၏ဇနီး မဖူးဖူးကျော်(၂၃)နှစ်၊ (ဘ)ဦးကျော်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ နိုင်လင်းအောင်(ခ) အငယ်ကောင်နှင့် ဖြိုးကျော်ထူး(ခ)အတူးတို့၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား နမစ(ရွှေပေါက်ကံ) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သစ္စာလမ်းနေ ခင်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သစ္စာလမ်းနေ ခင်ဇော်(ခ)ခင်ဇော်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း ၎င်းရပ်ကွက်၊ သုမာလာလမ်းနေ ရဲလင်းအောင်(၃၉)နှစ်၊ (ဘ)ဦးမြင့်ဦး၊ သုမိတ္တာ(၁၅)လမ်းနေ အောင်သီဟ(၂၃)နှစ်၊ (ဘ)ဦးသန်းထိုက်၊ သစ္စာလမ်းနေ ကျော်သူ(ခ) စည်သူအောင်(၃၁)နှစ်၊ (ဘ)ဦးစန်းမောင်နှင့် ရွှေပြည်သာမြို့နယ်၊ (ည/၁၁)ရပ်ကွက်နေ မြတ်လှ(၃၈)နှစ်၊ (ဘ)ဦးအောင်ဇံဦးတို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ (ပ)၂၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းဟူးကျေးရွာ၊ ဖောင်တော်ဦးဘုရားကုန်းနေ စိုးမေတ္တာစားသောက်ဆိုင်မှ ကိုညီ(ခ)ညီညီလွင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ နန်းဟူးကျေးရွာ၊ ဖောင်တော်ဦးဘုရားကုန်းနေ စိုးမေတ္တာစားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ကိုညီ(ခ)ညီညီလွင်(၃၃)နှစ်၊ (ဘ) ဦးစိန်နှင့် နေမျိုးထွန်း(၂၄)နှစ်၊ (ဘ)ဦးတင်မောင်ထွန်းတို့ (၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်)မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်စိစစ်ချက်အရ အင်းပေါခုံကျေးရွာအုပ်စု၊ ရွာကြီးတောင်အလယ်ပိုင်းနေ ဦးကောက်(ခ)ကျော်ဆွေ(၄၂)နှစ်၊ (ဘ)ဦးစံခိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်)မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့ တောင်မြို့ရပ်ကွက်၊ နယ်မြေ(၄)နေ သန်းနိုင်(ခ) ဆူလေမန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် သီပေါမြို့ တောင်မြို့ရပ်ကွက်၊ နယ်မြေ(၄)နေ သန်းနိုင်(ခ)ဆူလေမန်(၄၄)နှစ်၊ (ဘ)ဦးဘလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ) ၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၂ သို့ »»



»»» စာမျက်နှာ ၁၁ မှ

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ နန်းအေးချော (ခ) မချောသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၂-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ နန်းအေးချော(ခ)မချော(၃၄)နှစ်၊ (ဘ) ဦးစိုင်းနန္ဒ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရွာတည်းနေ အောင်ထက်ဦး (၁၈)နှစ်၊ (ဘ)ဦးထွန်းအောင်၊ စိုင်းနော်လျှန်း (၁၉)နှစ်၊ (ဘ)ဦးလုဝင်း၊ ကြာဟုတ်(၁၈)နှစ်၊ (ဘ)ဦးအားကွေ့၊ ဆန်းဖြိုး(၁၈)နှစ်၊ (ဘ)ဦးခင်မောင်ဝင်း၊ စိုင်းမြတ်စံ(၁၈)နှစ်၊ (ဘ) ဦးစိုင်းသန်းဦးတို့ (၆)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မမစ(သီပေါ) မယ(ပ)၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်း၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၇)ဦး၊ မ(၁)ဦး ပေါင်း(၁၈)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၀-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်၊ သဇင်လမ်းအတွင်း စောင့်ကြည့်သတင်းစုံစမ်းနေစဉ် အေးသာယာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်နေ ကျော်သူရ (ခ)စလင်း(၄၀)နှစ်၊ (ဘ)ဦးစိန်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်သတင်းအရ ၂၁-၂-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိက လမ်းအတွင်း စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ရွှေတောင်ရပ်ကွက်၊ နယ်မြေ(၁)နေ ဇော်မျိုးအောင်(ခ)ဂတုံး(၁၉)နှစ်၊ (ဘ)ဦးကျော်မျိုးလွင်နှင့် ချမ်းမြသာစည်ရပ်ကွက်၊ နယ်မြေ(၁၄)နေ အောင်သန်းဦး(၂၃)နှစ်၊ (ဘ)ဦးသန်းကျော်ဌေးတို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၁၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၄)ဦး၊မ(၄)ဦး ပေါင်း(၄၈)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၃-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်၊ အထကကျောင်းအနီး စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းမြို့ အမှတ်(၆)ရပ်ကွက်နေ ကော့ဆင်းဖန်း(၂၄)နှစ်၊ (ဘ)ဦးကော့ကျန်ကျောက်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၂၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၃-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၂၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၆၉၉)ဦး၊ မ(၁၃၄)ဦး ပေါင်း(၈၃၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၇၄၀.၄၃)ဂရမ်၊ ICE(၆၇.၁၄) ဂရမ်၊ ဘိန်း(၃၈၆၅၆.၉၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၆၆၀၄)ပြား၊ ဆေးခြောက်(၆၀၂၈.၂၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ (၃၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။


၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၃၀)ပြား၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး အမျိုးသမီး(၁)ဦး ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၁၈၇)ဂရမ်၊ ဖားကန့်မြို့နယ်၊ အင်မားယန်းကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၃၀)ပြား၊ ဘိန်းဖြူ(၃၁.၆)ဂရမ်၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ မိုးမောက်မြို့ ချစ်ကြည်ရေးတံတားအနီး၌ သတင်းအရ Harrier ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၄၀၀)ပြား၊ ဘိန်းဖြူ(၁၀၆၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်စခန်း စစ်ဆေးရေးဂိတ်၌ သတင်းအရ Honda Civic ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၉၁၃)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထီးစဲခါး ကျေးရွာအနီး ဆီဆိုင်-လွိုင်ကော်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တောင်သူကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၀)ပြား၊ မွန်ပြည်နယ်၊ ကျိုက္ကမရောမြို့နယ်၊ ဘာဘူကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅)ပြား၊ ICE (၂.၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းဒင်စစ်ဆေးရေးဂိတ်၌ သတင်းအရ အငူမော်မှ မောင်တောသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ နှစ်နိုင်ငံနယ်စပ်မှတ်တိုင်(၃၈)အနီး လျှိုအတွင်းမှ ပုဆိုးဖြင့်ထုပ်ပိုက်ထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၇၄၀၀၀)ပြား၊ မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့်(၂)ဂရမ်၊ ကွင်းဆက်အရ ဘူးသီးတောင်မြို့နယ်၊ မြို့မတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ကွင်းဆက်အရ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ လက်ဝဲဒက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၆)ပြား၊ စစ်တွေမြို့ ကုန်းတန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စက်ရုံစုရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၁)ပြား၊ ကျောက်ဖြူမြို့နယ်၊ ကညင်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တောင်ရင်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၈)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ဘိန်းဆီခဲ(၁၃၅.၂)ဂရမ်၊ လားရှိုးမြို့နယ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ မူဆယ်မှမန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၀၀၀)ပြား၊ ဘိန်းဖြူ(၃၃၀၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ နောင်ဗျက်ကျေးရွာအဝင် ကောင်းခါး- ကွတ်ခိုင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင်၌ သတင်းအရ ကျောက်မဲမှ နောင်ချိုသို့လာသည့် AD Van အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၀၀)ပြား၊ ဘိန်းဖြူ(၂၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကသာ- အင်းတော်သွား ကားလမ်း ပင်းမလွတ်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၂၅)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ နန့်မကျိုင်း ကျေးရွာသွားလမ်းဆုံတွင် သတင်းအရ အင်းတော်မှ မိုးညှင်းသို့လာသည့် AD Van ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၀၀)ပြား၊ ဘိန်းဖြူ(၈၆၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်အနီး၌ ပိုင်ရှင်မဲ့အထုပ်(၁)ထုပ်အတွင်းမှ ဘိန်းစိမ်း(၃၉၁၉.၂)ဂရမ်၊ တမူးမြို့နယ်၊ ခမ်းပါတ်မြို့နန်းခေါက်ခေါက်ကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ Diazepam Tablet (၄၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ နန်းဘုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉၂)ပြား၊ ဘိန်းဖြူ(၁၁၁)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ကိုးတောင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ (၆၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဘိန်းဖြူ(၁၈၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အင်းလေးကမ်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈၂)ပြား၊ ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၈၁.၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နယ်၊ ဘိုင်ဒါးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ တရော်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၈၆)ပြား၊ စက်ရုံကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၂၉)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၁၀၀)ပြား၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဆီခဲ(၈၈.၃၃)ဂရမ်၊ ဘိန်းရည်(၀.၀၉၈)လီတာ၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ လားရှိုးမှ မန္တလေးသို့လာသည့် အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဘိန်းဖြူ(၉)ဂရမ်၊ သပိတ်ကျင်းမြို့နယ်၊ ပုတီးဖြူကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၈)ပြား၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ၌ ပင်လောင်းမှ သာစည်သို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည်တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်း (၃၄၀၀)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆားတလင်းလမ်းဆုံ၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ပေါက်စောက်ကျေးရွာတွင် ကြက်မွေးမြူရေးလုပ်ငန်း ဟန်ပြလုပ်ကိုင်နေသည့် တရားခံ အမျိုးသား(၁)ဦးထံမှ ICE(၆၇၆၆၀)ဂရမ်၊ Kluger ယာဉ်(၁)စီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၁၃)ပြား၊ ဘိန်းဖြူ(၁၄.၅)ဂရမ်၊ သာကေတမြို့နယ်၊ ရှုခင်းသာလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၇)ပြား၊ ဒဂုံတောင်မြို့နယ်၊ (၇၂)ရပ်ကွက်၌ သတင်းအရ Suzuki ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား(၇၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတော်မြို့ (sic) နေဖြူမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၉)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခု ရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ ဂူဘာရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ၉ မမကျည်(၅၉)တောင့်၊ ၅.၅၆ ကျည်(၈၀)တောင့်၊ ရှမ်းပြည်နယ်၊ ကွမ်းလုံမြို့နယ်၊ နောင်စံဖူးကျေးရွာအနီး၌ သတင်းအရ Hilux ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀၀၀)ပြား၊ M-20 ပစ္စတိုသေနတ်(၁)လက်၊ ကျည်အိမ်(၁)ခု၊ ၎င်းကျည်(၅)တောင့်၊ မော်တော်ယာဉ်(၁)စီးအားလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်း အနေဖြင့် ယခုသီတင်းပတ်(၁၇-၂-၂၀၁၉ ရက်နေ့မှ ၂၃-၂-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၅၈)မှုတွင် တရားခံကျား(၂၉၇)ဦး၊ မ(၄၃)ဦး ပေါင်း(၃၄၀)ဦးကို ဘိန်းဖြူ(၈၉၄၂.၂၂)ဂရမ်၊ ICE (၆၇၇၂၂.၇၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂)ဂရမ်၊ ဘိန်း(၇၄၃၂.၀၃)ဂရမ်၊ စိတ်ကြွဆေးပြား (၇၅၉၀၈၂)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃)ဂရမ်၊ ဆေးခြောက်(၁၀၃.၀၃)ဂရမ်၊ ဘိန်းဆီခဲ(၃၁၃.၅၃)ဂရမ်၊ ဘိန်းဆီရည် (၀.၀၉၈)လီတာ၊ ဘိန်းစာမှုန့်(၈၁.၆၅)ဂရမ်၊ Diazepam Tablet(၄၀၉)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ကျည်မျိုးစုံ (၁၄၄)တောင့်၊ ကျည်အိမ်(၁)ခုတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# Line Walker-2 ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းအက်ရှင်လှုပ်ရှားမှုများ ဆူးလေဘုရားလမ်းပေါ်တွင် ဆက်လက်ရိုက်ကူး



Line Walker-2 ရုပ်ရှင် ဇာတ်ဝင်ခန်းရိုက်ကူးနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။



Line Walker-2 ရုပ်ရှင် ဇာတ်ဝင်ခန်းရိုက်ကူးနေမှုကို ပရိသတ်များ လာရောက်ကြည့်ရှုကြစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

Line Walker-2 ရုပ်ရှင်၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့လယ် ဆူးလေဘုရားမြောက်ဘက်မုခ်နှင့် ဆူးလေလူကူးခုံးကျော်တံတားအကြား မီးသတ်စခန်းရှေ့ ဆူးလေလမ်းမကြီးပေါ်တွင် လေးရက်မြောက်နေ့အဖြစ် ဆက်လက်ရိုက်ကူးလျက်ရှိရာ သေနတ်ပစ်ခတ်သော အက်ရှင်ခန်းများ ပါဝင်သောကြောင့် ရန်ကုန်မြို့နေပြည်သူတို့အထူးစိတ်ဝင်တစားလာရောက်ကြည့်ရှုကြသည်။

**စနစ်တကျလေ့လာကြည့်ရှု**

ယနေ့ရိုက်ကွင်းတွင် ပိတ်ဆို့ဖမ်းဆီးသောရဲတပ်ဖွဲ့နှင့် ဒုစရိုက်ဂိုဏ်းအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုကို နံနက်ပိုင်းမှစ၍ အကြိမ်ကြိမ်ရိုက်ကူးလျက်ရှိရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုသော မြို့ပြပြည်သူများ စနစ်တကျလေ့လာကြည့်ရှုနိုင်ရေးနှင့် တစ်ဖက်ယာဉ်ကြောတွင် သွားလာနေသောယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်မတို့ ငယ်ငယ်ကကြိုက်နှစ်သက်တဲ့ မင်းသားတစ်ယောက် ဒီဇာတ်ကားမှာပါတယ်။ ကျွန်မတို့သိတဲ့သရုပ်ဆောင် လေးဦးလည်းပါတယ်။ ကျွန်မတို့သိတဲ့ မင်းသားက အခုလို ပစ်ခတ်တဲ့ဇာတ်ဝင်ခန်းရိုက်တာနည်းတယ်။ သူငယ်ငယ်ဘဝသရုပ်ဆောင်ကတည်းက သဘောကျတာ။ ပြီးတော့ မြန်မာပြည်မှာလာရိုက်တယ်ဆိုတော့ ဝမ်းလည်းသာတယ်။ ဈေးမထွက်ဘဲ သူငယ်ချင်းတွေနဲ့ လာအားပေးတာပါ"ဟု သိမ်ကြီးဈေးမှ အထည်ဆိုင်ပိုင်ရှင် မဇွန်လီက ပြောသည်။

**နေပူရှိန်ကို ဂရုမမူနိုင်**

မွန်းလွဲပိုင်းတွင် နေပူရှိန်ပြင်းလာသော်လည်း ဒါရိုက်တာမှာ ရဲတပ်ဖွဲ့က ဒုစရိုက်သမားများကို ပစ်ခတ်ဖမ်းဆီးသောရိုက်ကွက်ကို အကြိမ်ကြိမ်ပြန်လည်ရိုက်ကူးလျက်ရှိရာ ကြည့်ရှုနေသောပရိသတ်တို့မှာ နေပူရှိန်ကိုဂရုမမူနိုင်ဘဲ ဇာတ်ဝင်ခန်းများကို စိတ်ဝင်တစားကြည့်ရှုကြသည်။

တာမွေမြို့နယ်မှ လာရောက်လေ့လာသူ ဦးနိုင်ဦးကလည်း "မနေ့က သတင်းစာဖတ်ရင်းနဲ့ ၂၆ ရက် နောက်ဆုံးဆိုတော့ ဒီနေ့လာကြည့်တာပါ။ လူကုန်ကူးမှုကိုအခြေခံပြီးရိုက်ကူးထားတာကြောင့် ပြသခဲ့ရင်လည်း အားပေးကြည့်ရှုမှာပါ။ ပြည်တွင်းရုပ်ရှင်ရိုက်ကူးတာပဲမြင်ဖူးတာ။ ပြည်ပနိုင်ငံက ရန်ကုန်မြို့လယ်မှာ အခုလိုတခမ်းတနားရိုက်ကူးတာမြင်ရတော့ အံ့သြတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံမှာ အခုလို လာရောက်ရိုက်ကူးမှုကို ဂုဏ်လည်းယူတယ်။ နိုင်ငံတကာဇာတ်ကားတွေ မြန်မာနိုင်ငံမှာ ထပ်ပြီး လာရောက်ရိုက်ကူးစေချင်ပါတယ်" ဟု ပြောသည်။

**ရပ်နီးရပ်ဝေးမှပြည်သူများ အထူးအားပေး**

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်မှ လာရောက်လေ့လာသော မရွှမ်းကျင်ကလည်း "ဒီနေ့ပဲ ရန်ကုန်ကိုရောက်ပြီး ချက်ချင်းလာကြည့်တာပါ။ ဟောင်ကောင်က ရုပ်ရှင်အဖွဲ့တွေ မြန်မာပြည်မှာ ရုပ်ရှင်လာရိုက်တယ်ဆိုပြီး ရန်ကုန်ကသူငယ်ချင်းတွေ ဖုန်းဆက်ခေါ်တာနဲ့ လာကြည့်တာပါ။ ကျွန်မတို့ သိတဲ့ မင်းသားလည်းပါတယ်။ ဒါကြောင့် လာကြည့်တာပါ" ဟု ပြောသည်။

ရန်ကုန်မြို့တွင် Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်ဇာတ်ဝင်ခန်းများရိုက်ကူးခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်လမ်း)တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် (စနေနေ့)တွင် ဆူးလေဘုရားလမ်းမကြီးတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း ဟောင်ကောင်အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများဖြစ်သော ရဟတ်ယာဉ်ပျံသန်းသည့် ဇာတ်ဝင်ခန်းနှင့် ဒုစရိုက်ဂိုဏ်းနှင့်ရဲတပ်ဖွဲ့ ပစ်ခတ်သော ဇာတ်ဝင်ခန်း၊ ဒုစရိုက်သမားတို့၏ ကားကိုတိုက်၍ ပိတ်ဆို့ဖမ်းဆီးပစ်ခတ်သော ဇာတ်ဝင်ခန်းတို့ကို ရိုက်ကူးခဲ့ရာ ရုံးပိတ်ရက်ဖြစ်၍ လေ့လာကြည့်ရှုသောပြည်သူတို့ အထူးများပြားခဲ့သည်။ ယနေ့ရုံးဖွင့်ရက် ဖေဖော်ဝါရီ ၂၅ ရက်တွင် မီးသတ်စခန်းရှေ့ ဆူးလေဘုရားလမ်းမကြီးပေါ်တွင် ရိုက်ကူးသော ပစ်ခတ်ဖမ်းဆီးသည့် ဇာတ်ဝင်ခန်းကိုလည်း ရပ်နီးရပ်ဝေးမှပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြသည်။

**နိုင်ငံအတွက်ဂုဏ်ယူ**

"အခြားနိုင်ငံက လာရိုက်တယ်ဆိုတော့ အံ့သြမိသလို ရန်ကုန်မြို့အတွက်လည်း ဂုဏ်ယူတယ်။ မြန်မာကိုကမ္ဘာကလည်း သိသွားတာပေါ့။ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေ ပူးပေါင်းပြီး လူကုန်ကူးမှုတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွေ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းတာတွေ ရိုက်ကူးတဲ့ရုပ်ရှင်တွေကို ကျွန်တော်တို့ ပြည်သူတွေကြည့်လိုကြပါတယ်။ အဲဒီလိုများများလုပ်ဆောင်နိုင်ရင် မြန်မာ့ရုပ်ရှင်ရိုက်ကူးမှုတွေလည်း ပိုပြီးတိုးတက်မြင့်မားလာမယ်လို့ မြင်တယ်။ မနေ့ကလည်း အချိန်လုပြီးလာကြည့်သေးတယ်။ ဒီနေ့ဇာတ်ဝင်ခန်းက လူ လေး၊ ငါးယောက် နောက်ကို ရဲတပ်ဖွဲ့က လိုက်တာနဲ့ သေနတ်ပစ်ခန်းတွေ ရိုက်တာမြင်ရတယ်။ အကြိမ်ကြိမ်ပြန်ရိုက်တာတွေ့ရတယ်။ ကိုယ့်နိုင်ငံမှာ ရိုက်တဲ့ ဒီရုပ်ရှင်ကို ကြည့်ဖြစ်အောင်ကြည့်မှာပါ။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမြဲအားပေးတယ်။ အခုလိုရိုက်ကူးဖြစ်အောင် အကြံပြုကူညီသူတွေနဲ့ နိုင်ငံတော်ကိုလည်း ပြည်သူတစ်ယောက်အနေနဲ့ ကျေးဇူးအထူးတင်တယ်။ ပြီးတော့နိုင်ငံအတွက်လည်းဂုဏ်ယူတယ်" ဟု ဘိုကလေးဈေးမှ လာရောက်လေ့လာကြည့်ရှုသူ ဦးမောင်မောင်စိုးက ပြောသည်။

**သတင်း - သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



# အာရပ်နှင့် ဥရောပနိုင်ငံခေါင်းဆောင်များ ရွှေ့ပြောင်းနေထိုင်သူများအရေး ဆွေးနွေး

**ရှမ်အယ်လ်ရှိတ် (အီဂျစ်) ဖေဖော်ဝါရီ ၂၅**
အာရပ်နှင့် ဥရောပနိုင်ငံများမှ ခေါင်းဆောင်များသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

နှစ်ရက်ကြာ ကျင်းပမည့် အာရပ်အဖွဲ့ချုပ်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို အီဂျစ်နိုင်ငံ အပန်းဖြေစခန်းမြို့ ရှမ်အယ်လ်ရှိတ်တွင် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ကျင်းပခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသည့် ခေါင်းဆောင်များတွင် ဆော်ဒီအာရေဗျဘုရင် ဆယ်မန်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့လည်း ပါဝင်ကြသည်။

ထိပ်သီးအစည်းအဝေးဖွင့်ပွဲတွင် အီဂျစ်သမ္မတ အက်ဗ်ဒယ်ဖာတာ အယ်လ်စီစီက အဖွင့်မိန့်ခွန်းပြောကြားသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သည့် အုပ်စုများအပေါ် ၎င်းအနေဖြင့် ပြဿနာတစ်ခုအဖြစ် မရှုမြင်ကြောင်း၊ ၎င်းတို့သည် အာရပ်ဒေသတွင် ပိုလျှံနေသည့် အလုပ်သမားများအဖြစ် ရှုမြင်ရမည်ဖြစ်ပြီးတာဝန်ယူမှုလည်းရှိရမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂတွင် လုပ်သားလိုအပ်ချက်များ ရှိနေပြီး ယင်းတို့၏အရေးကိစ္စကို ဥရောပနိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဟု အီဂျစ်သမ္မတက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတိုက် မြောက်ပိုင်းမှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများသည် ဥရောပတိုက်သို့ ဦးတည်သွားရောက်ကြရာတွင် ၂၀၁၅ ခုနှစ်အတွင်းက အမြင့်ဆုံးအရေအတွက်အဖြစ် ဦးရေတစ်သန်းအထိရှိခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်လျော့ကျလာခဲ့သည်။ သို့သော် လက်ရှိကာလတွင် ဥရောပတိုက်သို့ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ ၉၀၀၀ ကျော် ရောက်ရှိနေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေးတွင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးမည့် အစီအစဉ်များ ပါဝင်သည်။ အစည်းအဝေးရလဒ်များကို မကြာမီ သတင်းထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဝါရှင်တန်-ပြုံယမ်း ထိပ်သီးအစည်းအဝေးပွဲတွင် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အတင်းအကျပ်လုပ်ဆောင်မည်မဟုတ်ဟု သမ္မတထရန့် ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်- မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲ၌ ၎င်းအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေး ကိစ္စရပ်နှင့်ပတ်သက်ပြီး ခေါင်းဆောင်ကင်ဂျုံအန်အား အတင်းအကျပ် တိုက်တွန်းမည်မဟုတ်ဘဲ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အိမ်ဖြူတော်၌ မီဒီယာများအား ပြောကြားခဲ့သည်။



ဖေဖော်ဝါရီ ၂၇-၂၈ ရက်တို့တွင် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ထိပ်သီး အစည်းအဝေးပွဲတွင် ခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံပြီး ဆွေးနွေးမည့်ကိစ္စရပ်များအပေါ် သဘောတူညီမှုရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုများ ရှိလာခဲ့ပြီဖြစ်ကြောင်း သမ္မတထရန့်က အိမ်ဖြူတော်၌ မီဒီယာများနှင့်တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက် စမ်းသပ်ပစ်လွှတ်မှုများကို ဆက်လက်လုပ်ဆောင်ခြင်း မရှိသည့်အတွက် ဝမ်းသာမိကြောင်း သမ္မတထရန့်က ဆိုသည်။

ပြုံယမ်း၏ နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလျှင်စလိုပြုလုပ်ရန် မဖြစ်နိုင်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

လာမည့် ထိပ်သီးအစည်းအဝေးပွဲတွင် ပြုံယမ်း၏ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေး အခြေအနေနှင့်ပတ်သက်ပြီး သိသာစွာ တိုးတက်ပြောင်းလဲမှုမရှိဘဲ မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူမှုများကို သမ္မတထရန့်က ဖြေလျှော့ပေးလိုက်မည်ကို အမေရိကန်ဥပဒေပြုအမတ်အချို့က စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားတွင် ကူးတို့ရေယာဉ်တစ်စင်းမီးလောင် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်းများအား ကယ်ဆယ်နိုင်ခဲ့

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၅**
မလေးရှားနိုင်ငံ ကုန်းမကြီးရှိ ကီဒက်ရှ်ပြည်နယ်နှင့် နိုင်ငံမြောက်ပိုင်းရှိ အပန်းဖြေကျွန်းဖြစ်သည့် လန်ကာဝီအကြား ပြေးဆွဲခုတ်မောင်းနေသည့် ကူးတို့ရေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၂၅ ရက်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ရေယာဉ်ပေါ်ပါ ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်း ၆၀ နီးပါးကို မလေးရှားကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒရက်ဂွန်စတာ-၁ အမည်ရှိ ကူးတို့ရေယာဉ်တွင် ခရီးသည် ၅၂ ဦးနှင့် ရေယာဉ်အဖွဲ့သား ခြောက်ဦး လိုက်ပါသွားပြီး အပန်းဖြေစခန်းတည်ရှိရာ လန်ကာဝီကျွန်းမှကီဒက်ရှ်ပြည်နယ်သို့ ဦးတည်ခုတ်မောင်းနေစဉ် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မလေးရှားကမ်းခြေ စောင့်တပ်ဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

လန်ကာဝီကျွန်းရှိ ရေကြောင်းလုပ်ငန်းဗဟိုဌာနက ဘေးအန္တရာယ်ကျရောက်မှုသတင်းကို လက်ခံရရှိခဲ့ပြီးနောက် ရေကြောင်းဆိုင်ရာ ရဲတပ်ဖွဲ့၊ မလေးရှား ရေတပ်နှင့် မြို့ပြကာကွယ်ရေးတပ်ဖွဲ့များအား ကယ်ဆယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ခရီးသည်များနှင့် ရေယာဉ်အဖွဲ့သားများအား မော်တော်ဘုတ်နှစ်စင်းပေါ်သို့ ကယ်ဆယ်ပြောင်းရွှေ့ပေးခဲ့ပြီး ၎င်းတို့အား လန်ကာဝီကျွန်းဆီသို့ ပို့ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗင်နီဇွဲလားသမ္မတ မာဒူရိုအား ရာထူးမှဖြုတ်ချရန် အတိုက်အခံခေါင်းဆောင် ဂွါအီဒို လီမာအုပ်စုနှင့်ဆွေးနွေးမည်

**ကာရာကတ်စ် ဖေဖော်ဝါရီ ၂၅**
ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန် ဂွါအီဒိုက ဖေဖော်ဝါရီ ၂၅ ရက်တွင် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့သို့ သွားရောက်ပြီး သူ့အားထောက်ခံသည့် နိုင်ငံများနှင့်တွေ့ဆုံကာ ဗင်နီဇွဲလား သမ္မတ မာဒူရိုအား ရာထူးမှဖြုတ်ချမည့်အရေးကိစ္စနှင့်ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဗင်နီဇွဲလားနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ကိုလံဘီယာနှင့် ဘရာဇီးနိုင်ငံ နယ်စပ်များတွင် လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကို ဗင်နီဇွဲလားတပ်ဖွဲ့များက တားမြစ်ဟန့်တားခဲ့ရာမှ ဂွါအီဒိုထောက်ခံသူများနှင့် လုံခြုံရေးတပ်ဖွဲ့များ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက သူ၏ မဟာမိတ်နိုင်ငံများနှင့် တွေ့ဆုံရန် ဘိုဂိုတာမြို့သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ထောက်ပံ့ရေးပစ္စည်းများ နိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကို တားမြစ်ဟန့်တားမှုကို ဥရောပသမဂ္ဂအဖွဲ့က ရှုတ်ချခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၎င်းအနေဖြင့် အဓိကရုဏ်းဖြစ်ပွားမှုတွင် အရပ်သားများသေဆုံးခြင်းအပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း ပြောကြားခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုသည် ဇန်နဝါရီလအတွင်းက သူ့ကိုယ်သူ ယာယီသမ္မတအဖြစ် ကြေညာခဲ့သည်။ သူ့အား ထောက်ခံသည့် နိုင်ငံပေါင်း ၅၀ ကျော်က ဂွါအီဒိုအား ဗင်နီဇွဲလားသမ္မတအဖြစ် အသိအမှတ်ပြုလျက်ရှိကြောင်း သိရသည်။

အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက သူ၏မဟာမိတ်အုပ်စုဖြစ်သည့် လီမာအုပ်စုအဖွဲ့ဝင် နိုင်ငံများနှင့် ဘိုဂိုတာမြို့တွင် တွေ့ဆုံမည်ဖြစ်သည်။ လီမာအုပ်စုတွင် ကနေဒါနိုင်ငံနှင့် လက်တင်အမေရိက ၁၃ နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။ ဗင်နီဇွဲလားနိုင်ငံတွင် တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးနှင့် ဖြစ်ပေါ်နေသော အကျပ်အတည်းများမှ လွန်မြောက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီလက်မှတ်ရေးထိုးကာ လီမာအုပ်စုကို တည်ထောင်ခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဂွါအီဒိုနှင့် လီမာအုပ်စုတို့ တွေ့ဆုံပွဲတွင် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## တရုတ်ပို့ကုန်များအပေါ် အခွန်တိုးမြှင့် ကောက်ခံရက်ရွှေ့ဆိုင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**
တရုတ်နှင့် အမေရိကန် တာဝန်ရှိသူတို့အကြား ပြုလုပ်ခဲ့သည့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ကောင်းမွန်သော ရလဒ်ထွက်ပေါ်မှု ရရှိခဲ့ပြီးနောက် တရုတ်နိုင်ငံမှ ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် သတ်မှတ်ခဲ့သည့် ရက်ကိုရွှေ့ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နောက်ဆုံးသဘောတူညီချက်အား လက်မှတ်ရေးထိုးရန်အတွက် ဖလော်ရီဒါပြည်နယ် မာလာဂါရှိ ၎င်း၏နေအိမ်တွင် ထိပ်သီးအစည်းအဝေးကျင်းပရန် စီစဉ်ထားကြောင်း သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ တွစ်တာ စာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲမှ အပြုသဘောဆောင်သည့် ရလဒ်များစွာ ထွက်ပေါ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ ပို့ကုန်များအပေါ် အခွန်အကောက်များ တိုးမြှင့်ကောက်ခံရန် လက်ရှိ စီစဉ်ထားသည့် မတ် ၁ ရက်ကို မိမိရွှေ့ဆိုင်းမည်ဖြစ်ကြောင်း၊ နောက်ထပ်တိုးတက်မှုများ ရရှိသည်ဟု နှစ်ဖက်စလုံးက လက်ခံကြကြောင်း၊ တရုတ်နှင့်အမေရိကန်တို့အတွက် အလွန်ကောင်းမွန်သော ရက်သတ္တပတ် နောက်ဆုံးနေ့ဖြစ်ကြောင်း ထရန့်က ရေးသားခဲ့သည်ဟု ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

**အေအက်ဖ်ပီ**

# ရန်ကုန်နှင့် တမ်ပနိစ်ရိုဗာတို့၏ AFC Cup ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

ယခုရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။ မြန်မာကလပ်အသင်းများ အုပ်စုပထမနေ့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် တမ်ပနိစ်ရိုဗာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "တမ်ပနိစ်ရိုဗာအသင်းဟာ စင်ကာပူရဲ့ထိပ်တန်းကလပ်ဖြစ်ပြီး လက်ရွေးစင်ကစားသမားတွေလည်း ပါဝင်ကစားနေပါတယ်။ စင်ကာပူအသင်းဟာ အမြင့်ဘောဦးစားပေးကစားတဲ့အသင်းဖြစ်ပြီး သူတို့ရဲ့ ကစားပုံကိုသေချာလေ့လာထားပါတယ်။ ကျွန်တော်တို့အသင်းက ပြီးခဲ့တဲ့ရာသီမှာ အာဆီယံဇုန် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီး ဒီရာသီမှာ ဆီမီးဖိုင်နယ်အဆင့်ကို အနိမ့်ဆုံးပြန်ရောက်ဖို့ရည်မှန်းထားပါတယ်။ ပြည်တွင်း၊ ပြည်ပကစားသမားတွေ၊ စီနီယာကစားသမားတွေနဲ့ လူငယ်ကစားသမားတွေကို အချိုးကျကျပေါင်းစပ်ဖွဲ့စည်းထားပါတယ်။ ဒီပြိုင်ပွဲမတိုင်ခင် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့တာက အသင်းကို အထောက်အကူဖြစ်စေပြီး ကစားသမားတွေအတွက် အတွေ့အကြုံကောင်းတွေ ရရှိခဲ့ပါတယ်။ အုပ်စုမှာ ဗီယက်နမ်ကလပ် ဟန္နွိုင်းအသင်းက အတောင့်တင်းဆုံးဖြစ်ပြီး အုပ်စုပထမရဖို့ သူတို့ကို ကျော်ဖြတ်ရမှာပါ။ ပွဲတိုင်းကို သေချာပြင်ဆင်ပြီး ကစားသွားမှာဖြစ်ပါတယ်။




အဖွင့်ပွဲမှာလည်း တမ်ပနိစ်ရိုဗာအသင်းကို အနိုင်ယူပြီး အမှတ်ပြည့်ရယူနိုင်အောင် ကြိုးစားမှာပါ" ဟု ပြောကြားသည်။ တမ်ပနိစ်ရိုဗာအသင်းနည်းပြချုပ် ခါရာယာဟာရာက "ကျွန်တော်တို့အသင်းရဲ့ Analysis အဖွဲ့က ရန်ကုန်အသင်းရဲ့ကစားပုံ၊ အားနည်းချက်၊ အားသာချက်တွေကို ပြုစုပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်အသင်းကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်အသင်းကို ဘယ်လောက်လေ့လာထားတယ်၊ ဘယ်လောက်ပြင်ဆင်ထားတယ်ဆိုတာ ပွဲကျရင် သိမှာပါ။ အဝေးကွင်းလာရောက်ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် ဖိအားမရှိပါဘူး။ ပြီးခဲ့တဲ့ရာသီတုန်းက အုပ်စုအဆင့်ကနေ ထွက်ခဲ့ရပေမယ့် ဒီနှစ်မှာတော့ နောက်တစ်ဆင့်တက်နိုင်အောင် ကြိုးစားသွားမှာပါ။ ရန်ကုန်အသင်းကို ပရိသတ်တွေအများကြီး လာရောက်အားပေးမယ်လို့ ထင်ပါတယ်။ ဒါက ရန်ကုန်အသင်းကို အားပေးတာဖြစ်သလို ပြိုင်ပွဲကိုလည်း အားပေးတယ်လို့ ပြောပါတယ်"ဟု ပြောကြားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# Street Children ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအသင်း (PPMA)၏ ပံ့ပိုးကူညီမှုဖြင့် Junior Dream (NPO)က ကြီးမှူး၍ Street Children ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Street Children ဓာတ်ပုံပြိုင်ပွဲသည် လမ်းပေါ်နေကလေးများ၏ ဘဝ၊ လိုအပ်ချက်၊ အခွင့်အရေး၊ မျှော်လင့်ချက်နှင့် အိပ်မက်များကို ပိုမိုသိရှိနားလည်နိုင်ပြီး ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို ကူညီပံ့ပိုးနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုကြသည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို မေ ၁၅ ရက်နောက်ဆုံးထား၍ အမှတ် ၁၂၅၉ သရဖီလမ်း (၃၄)ရပ်ကွက် မြောက်ဒဂုံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့နိုင်ပြီး ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများကို အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၉-၇၉၅၆၈၉၂၂၊ ၀၉-၄၂၀၅၉၆၉၁၁ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်

**ချီးမြှင့်သွားမည်**

ပြိုင်ပွဲဝင်များအနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၁ရက်မှ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်အတွင်း ရိုက်ကူးထားသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်နိုင်ပြီး ဆုရဓာတ်ပုံများကို မတ် ၃၁ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကာ ပြိုင်ပွဲဆုကြေးများအဖြစ် ပထမဆု ငွေကျပ် ခုနစ်သိန်းတစ်ဆု၊ ဒုတိယဆု ငွေကျပ် ငါးသိန်းတစ်ဆု၊ တတိယဆုငွေကျပ် သုံးသိန်းတစ်ဆု၊ နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းနှစ်ဆုနှင့် စိတ်ကြိုက်ရွေးချယ်သည့် ပုံတစ်ပုံအတွက် ငွေကျပ်ငါးသောင်းဆု ငါးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

### ❖ ယူဂန္ဓာနိုင်ငံမှ

သက်ထားသူဇာသည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများ ဆက်တိုက်ရလာသည့်ကစားသမားဖြစ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် အီဂျစ်နိုင်ငံ၌ ကျင်းပသည့် Egypt International Series ပြိုင်ပွဲတွင် ချန်ပီယံဆု၊ ဒီဇင်ဘာတွင် နီပေါနိုင်ငံ၌ ကျင်းပသည့် Nepal International Series ပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည်။

သက်ထားသူဇာသည် International Series ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး ငါးလအတွင်း ပြိုင်ပွဲသုံးခုယှဉ်ပြိုင်ရာ ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆုတစ်ကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ၁၈ ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင်နေစဉ် ခါးဒဏ်ရာရခဲ့သောကြောင့် နုတ်ထွက်ခဲ့ရပြီး ဒဏ်ရာမှ ပြန်ကောင်းအပြီး ပထမဆုံးယှဉ်ပြိုင်သည့်ပွဲတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



**တောင်သာမြို့နယ် တောင်သာမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ရန်အေးဦးဆောင်၍ ဖေဖော်ဝါရီ ၂၀ ရက်က တောင်သာမြို့နယ် ပဲခင်းကျော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာသူကျေးရွာသားများအား သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးဟောပြောစဉ်။**

ကိုရဲ



# အော်စကာဆုပေးပွဲကြီး ကျင်းပပြီးစီး

ဟောလိဝုဒ်ရဲ့အထင်ကရ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲရဲ့ယခုနှစ်အတွက် အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်မှာတော့ “Bohemian Rhapsody” ရုပ်ရှင်က ထူးချွန်ဆုလေးဆုကို သိမ်းပိုက်နိုင်ခဲ့ပြီး ယခုနှစ်အတွက် အော်စကာဆုအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်လာခဲ့ကြောင်း သိရပါတယ်။

ယခုနှစ်ရဲ့အကောင်းဆုံးရုပ်ရှင်အဖြစ် “Green Book”က ဆွတ်ခူးခဲ့ပါတယ်။ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကိုတော့ “Bohemian Rhapsody”ရဲ့ဇာတ်ဆောင်မင်းသား ရမ်မီမာလက်ခ်က ရရှိခဲ့ပါတယ်။




ယခုနှစ် အော်စကာ ဆုပေးပွဲကြီးရဲ့ ကော်ဇောနီပေါ် ပါဝင်လျှောက် လှမ်းခဲ့ကြတဲ့ ကြယ်ပွင့်တွေ အနက် အလှဆုံးသော ဝတ်စုံတွေကို ဝတ်ဆင် လျှောက်လှမ်း ခဲ့ကြသူတွေကို ရွေးချယ်ဖော်ပြ ထားပါတယ်။




“ဆုပေးပွဲအခမ်းအနားအပြီး အမှတ်တရဓာတ်ပုံ စုပေါင်းရိုက်ကူးဖို့ရာ အော်စကာဆုရှင်တွေ စင်မြင့်ထက် ပြန်လည်နေရာယူရာမှာတော့ မာလက်ခ်ဟာ စင်မြင့်ထက်ကနေ ပရိသတ်ထဲကို ပြုတ်ကျခဲ့ပါတယ်။” အဲဒီအဖြစ်အပျက်ကို မီဒီယာတွေက ဓာတ်ပုံရိုက်ကူးထားနိုင်ခဲ့တာလည်း တွေ့ရပါတယ်။

ယခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကိုတော့ မင်းသမီး အိုလီဗာကိုးလ်မန်းကရရှိခဲ့ပါတယ်။ အိုလီဗာကိုးလ်မန်းဟာ ရာဇဝင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ “The Favourite” မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားကာ အော်စကာဆုကို ယင်းရုပ်ရှင်နဲ့ ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

## အော်စကာဆုပေးပွဲမှာ အတူဖျော်ဖြေခဲ့ကြတဲ့ ဘရက်ဒ်လေကူးပါးနဲ့ လေဒီဂါဂါ

“A Star Is Born” ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်နှစ်ဦးဖြစ်တဲ့ ဘရက်ဒ်လေကူးပါးနဲ့ လေဒီဂါဂါတို့ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲမှာတော့ အဆိုပါ ရုပ်ရှင်ရဲ့ဇာတ်ဝင်တေး “Shallow”ကို အတူတွဲဖက် သီဆိုခဲ့တာတွေ့ရကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်ညပိုင်းက ဟောလိဝုဒ် ဒေါ်ဘီသီရေတာမှာ ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် အကယ်ဒမီ ဆုပေးပွဲမှာတော့ ဘရက်ဒ်လေကူးပါးနဲ့ လေဒီဂါဂါတို့အတူတွဲဖက်သီဆိုခဲ့တာပါ။ ဒီတစ်ကြိမ်ဖျော်ဖြေမှုမှာလည်း သူတို့နှစ်ဦးအကြားက ချစ်ခင်မှုတွေကို တေးသီချင်းသီဆိုနေစဉ် တစ်လျှောက်တွေ့မြင်နေရပါတယ်။

သူတို့နှစ်ဦးဟာ “Shallow”ကို ဖျော်ဖြေဖို့ရာ စင်မြင့်ထက်သွားရာမှာလည်း ပရိသတ်အတွင်းမှ နှစ်ဦးအတူလက်တွဲကာ လျှောက်လှမ်းခဲ့ကြပါတယ်။ တေးသီချင်းသီဆိုနေစဉ်မှာလည်း တစ်ယောက်နဲ့တစ်ယောက်အကြည့်ချင်းအမြဲလိုလိုဆုံနေကြပြီး နှစ်ဦးအကြား နက်ရှိုင်းတဲ့ ခင်မင်မှုမျိုးရှိနေပုံလည်း ရပါတယ်။

လေဒီဂါဂါဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာပင် သူနဲ့ အတော်ကြာလက်တွဲလာခဲ့ပြီး စေ့စပ်ခဲ့ပြီးဖြစ်တဲ့ ချစ်သူနဲ့လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။ အဲဒီနောက်မှာပင် သူနဲ့ဘရက်ဒ်လေကူးပါးတို့ရဲ့ ဆက်ဆံရေးကိုလည်း ပရိသတ်တွေက သတိပြုမိကြပြီး သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြကြောင်း ဝေဖန်မှုတွေလည်း ပေါ်ထွက်ခဲ့တယ်လို့သိရပါတယ်။

လတ်တလောပြုလုပ်ခဲ့တဲ့ (၉၁)ကြိမ်မြောက် အော်စကာဆုပေးပွဲမှာ လေဒီဂါဂါဟာ “Shallow”နဲ့ အကောင်းဆုံး တေးသီချင်းဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး လေဒီဂါဂါအနေနဲ့သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးသော အော်စကာဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



# ခဲစာလုံးခေတ်ပုံနှိပ်ပညာရှင်များ ပြန်လည်တွေ့ဆုံပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**
ခဲစာလုံးခေတ် ပုံနှိပ်ပညာရှင်များဖြစ်ကြသည့် စာစီ၊ ဖိုမင်၊ စာပြင်ဆရာ၊ အယ်ဒီတာ၊ စက်ရိုက်နှင့် ပုံနှိပ်တိုက်ပိုင်ရှင်များက မိမိတို့ ဖြတ်သန်းခဲ့ရသော ခဲစာလုံးခေတ် ပုံနှိပ်လောက အတွေ့အကြုံများကို ယနေ့ခေတ် လူငယ်ပုံနှိပ်လောကသားများ ဗဟုသုတရရှိကြစေရန် ရည်ရွယ်၍ အမှတ်တရစကားများ ပြောကြားခြင်းနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၄) ရပ်ကွက် (၄၀) ဈေးလမ်းဆုံရှိ တောသားကြီး မုန့်ဟင်းခါးဆိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ တစ်ချိန်တစ်ခါက ပုံနှိပ်လောကမှ ပညာရှင်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ ပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲအခမ်းအနားကို ဦးမျိုးညွန့်(စာပေလောက)၊ ဦးအောင်မျိုး(စာပေလောကပုံနှိပ်တိုက်-ဖိုမင်ကြီး)၊ ဦးရဲမြင့် (သရဖူ)နှင့် ဦးသူရဇော် (အယ်ဒီတာ - စစ်ပြန်နှင့် သပြေမဂ္ဂဇင်း)တို့က ဦးဆောင်ကျင်းပကြောင်း သိရသည်။

**ဇော်မိုးသောက်**

# သထုံမြို့နယ်ရှိ ဆရာတော်များဦးဆောင်ပြီး အကျွတ်အလွတ်ပွဲနှင့် ပရိတ်တရားတော်ရွတ်ဖတ်ပွဲ ကျင်းပ



**သထုံ ဖေဖော်ဝါရီ ၂၅**
သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စုအတွင်းရှိ တံတားအမှတ် ၁/၁၄၄ နှင့် တံတားအမှတ် ၁/၁၄၅တို့တွင် မကျွတ်မလွတ်သေးသူများအတွက် အာဟာရဒါနကျွေးမွေးခြင်းနှင့် ပရိတ်တရားနာယူခြင်းများကို ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းက ကျင်းပခဲ့သည်။

သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သထုံမြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက် ည ၉ နာရီက မြို့နယ်အတွင်း ရန်ကုန်-မြိတ်လမ်းမကြီး ဇရစ်ချောင်ကျေးရွာအုပ်စုရှိ ယာဉ်တိုက်မှုကြောင့် လူအသေအပျောက် မကြာခဏဖြစ်ပွားလျက်ရှိသော တံတားအမှတ် ၁/၁၄၅ နှင့် တံတားအမှတ် ၁/၁၄၄ တို့၌ မကျွတ်လွတ်သေးသူများအတွက် အာဟာရဒါနကျွေးမွေးခဲ့ပြီး သထုံမြို့ နေမိန္ဒရတောင်ခြေအောင်ချမ်းသာကျောင်းတိုက်နှင့် ဘုရားသုံးဆူ ရွှေစေတီကျောင်းဆရာတော် ဦးဆောင်သော သံဃာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ခြင်း၊ ကျွတ်လွတ်ထိုက်သူများအတွက် အမျှပေးဝေရေစက်ချခြင်းများကို ဆောင်ရွက်ရာ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးတေဇာကြည်၊ မြို့မစခန်းမှူး ဒုရဲမှူး ဇော်မင်းထွန်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်နာယူခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

# မန္တလေးမြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**
မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိသော (၃၃) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်သည်။



တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးဦးဆောင်သော စက်ဘီးစီးအားကစားသမား ဝါသနာရှင်သက်ကြီး၊ သက်လတ်၊ လူငယ်ပြည်သူ ၂၀၀ ကျော်ခန့်သည် စုရပ်နေရာမှ ကျုံးတောင်ဘက် ၂၆ လမ်းအတိုင်းမှ ကျုံးအနောက်ဘက်လမ်း ၈၀၊ ထိုမှ ၁၂ လမ်းကျုံးမြောက်ဘက်လမ်းအတိုင်းမှ ၆၆ လမ်း ကျုံးအရှေ့ဘက်လမ်းအတိုင်း၊ ထိုမှတာထွက်နေရာအထိ ကျုံးတစ်ပတ်စုပေါင်းစက်ဘီးစီးနင်းကြပြီး ပန်းဝင်ရောက်ရှိ လာကြကာ ကိုယ်လက်လှုပ်ရှား ကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ကြရာ စက်ဘီးအားကစားဝါသနာရှင်များအား စေတနာရှင်များက အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဒူးရင်းသီး၊ မင်းကွတ်သီးများ ဈေးကောင်းသော်လည်း သီးနှံအထွက်လျော့

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၅**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ကျေးရွာများ၌ ယခုနှစ်တွင် ရာသီပေါ်သီးနှံများဖြစ်သည့် ဒူးရင်းသီး၊ မင်းကွတ်သီးများ ဈေးကွက်အတွင်း စတင်ဝင်ရောက်သည့် အချိန်တွင် ဈေးကောင်းရရှိပြီး သီးနှံပင်များ ရှားပါးလာမှုကြောင့် ယခင်နှစ်များထက် သီးနှံအထွက် လျော့ကျကြောင်း သိရသည်။

"လက်ဦးသီးရရင် ဈေးကောင်းရတယ်၊ မနှစ်က ဒေသဒူးရင်းသီး (ပုံမှန်) တစ်လုံးကို ကျပ် ၅၀၀၀ လောက်ရတယ်၊ မင်းကွတ်သီး တစ်လုံး ကျပ် ၂၅၀ ခန့်ရတယ်။ အခုက ခြံထဲမှာ ဒူးရင်းသီးတွေတော့ တစ်လုံးစ၊ နှစ်လုံးစ ကြွေနေပါပြီ။ မင်းကွတ်သီးတွေလည်း ရင့်မှည့်စပြုနေပါပြီ။ မနှစ်ကထက် အသီးမများတော့ဘူး" ဟု ဝင်းပကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

သစ်သီးရောင်းချသူ တစ်ဦးက "ဒူးရင်းသီးရောင်းဈေးက တစ်လုံး ကျပ် ၈၀၀၀ လောက်ရောင်းပါတယ်၊ မင်းကွတ်သီးက မထွက်သေးပါဘူး၊ ဒီမှာရောင်းတဲ့ မင်းကွတ်သီးတွေက ယိုးဒယားက လာတဲ့ အသီးတွေပဲ ရောင်းနေရပါတယ်" ဟု ပြောသည်။



နာမည်ကျော် ဒူးရင်းပင်များသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကတည်းက သီးနှံခြံမြေများပေါ်တွင် ရော်ဘာပင်များ အစားထိုးစိုက်ပျိုးလာသောကြောင့် အပင်များ တစ်နှစ်ထက်တစ်နှစ်၊ လျော့နည်းလာ၍ သေဆုံးအပင်များလည်းရှိကာ အစားထိုး ထပ်မံစိုက်ပျိုးသူ နည်းလာပြီး သီးနှံအထွက် လျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## တိုတိုထွာထွာဖတ်စရာ

### သထုံတွင် စာအုပ်ဈေးရောင်းပွဲကျင်းပ

**သထုံ**
မွန်ပြည်နယ် သထုံမြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနှင့် စာပေပြန့်ပွားရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက သထုံမြို့ ရွှေစာရံစေတီတော်မြောက်ဘက်မုခ်အနီး၌ ကျင်းပသည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲတော်တွင် ဗုဒ္ဓဝင်ရုပ်ပြ၊ ကာတွန်း၊ ပုံပြင်၊ ဆေးရောင်ခြယ်၊ ကလေးစာပေများနှင့် သုတ၊ ရသစာအုပ်မျိုးစုံတို့ကို စာပေတိုက် ၂၁ တိုက်တို့မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

### မီးဘေးအန္တရာယ်ကင်းရှင်းစေရေးစစ်ဆေး

**ဥတ္တရသီရိ**
နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် မီးသတ်စခန်းမှ တာဝန်ရှိသူများက ဥတ္တရသီရိရပ်ကွက်(ချင်းရွာ)သို့ သွားရောက်၍ စစ်ဆေးခဲ့သည်။

မြို့နယ်မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးငြိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ဈေးဆိုင်များနှင့် စားသောက်ဆိုင်များသို့ သွားရောက်၍ မီးကိုစနစ်တကျသုံးစွဲရေး၊ လျှပ်စစ်မီးများ စနစ်တကျ သွယ်တန်းထားမှု ရှိ-မရှိ၊ စားသောက်ဆိုင်များတွင် မီးသတ်ဆေးဘူးများ ရှိ-မရှိ၊ မီးသုံးစွဲပြီးပါက မီးဖိုမှ မီးကြွင်းမီးကျန်များကို စနစ်တကျ ငြိမ်းသတ်ထားရှိရေးနှင့် တရားမဝင်စက်သုံးဆီဆိုင်များ ရောင်းချခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

### မြစ်ဆိပ်နှင့် ကမ်းနားလမ်း သန့်ရှင်းရေးဆောင်ရွက်

**မြောင်းမြ**
မြောင်းမြမြို့ပေါ် ကမ်းနားလမ်းနှင့် မြစ်ဆိပ်ကမ်းများ သန့်ရှင်းသာယာလှပစေရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သတ္တမနေ့ဥပုသ်အသင်း၊ ဓမ္မတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ပညာရေးကောလိပ်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ပရဟိတလူငယ်များက ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီက စတင်ကာ မြို့ဆိပ်ကမ်းတစ်လျှောက် အမှိုက်ကောက်ခြင်းနှင့် စည်ပင်သာယာမှ အမှိုက်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **အောင်မင်း (မြောင်းမြ)**

### ဂျိုင်ကြီးတောင်ကြောလမ်းပိုင်းအား တိုးချဲ့ဖောက်လုပ်

**ရွှေသောင်ယံ**
ချောင်းသာ-ရွှေသောင်ယံသွားကားလမ်းမကြီးအား ဖေဖော်ဝါရီလဆန်းမှစတင်၍ပေ ၅၀ အကျယ်လမ်းမအဖြစ်တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ၎င်းလမ်းပေါ်ရှိ ဂျိုင်ကြီးတောင်ကြောလမ်းအား ဖေဖော်ဝါရီ ၂၄ ရက်က တိုးချဲ့ဖောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ဂျိုင်ကြီးတောင်ကြောလမ်းပိုင်းသည် ကွေ့ကောက်ကျဉ်းမြောင်းသည့်အတွက် ယာဉ်တိုက်မှုများမကြာခဏဖြစ်ပေါ်သော လမ်းပိုင်းတစ်ခုဖြစ်သည်။

၎င်းတောင်ကြောလမ်းပိုင်းကိုတိုးချဲ့ရာတွင် လမ်းသားချဲ့ထွင်ရုံတင်မကဘဲ တောင်ကုန်းများအား တစ်ဖက်နှင့်တစ်ဖက် မြင်သာစေရန် မြေညှိပြုပြင်ခြင်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင် (ရွှေသောင်ယံ)**

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်ဖို့

ခင်မောင်ဌေး (ပညာရေး)



ယခုနှစ်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲသည် ယခင်နှစ်များနှင့် အနည်းငယ်ပုံစံကွဲပြားမည် ဖြစ်သည်။ ယင်းသို့ ပြောင်းလဲလိုက်သည့် မေးခွန်းနှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများတွင် ကြိုတင်ထုတ်ပြန်ထားပြီးဖြစ်သည်။ ယခုအချိန်တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဂျာနယ်များကို သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဘာသာရပ်ဆိုင်ရာဌာနများက ပညာရေး အထောက်အကူအဖြစ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရလေသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ၂၀၁၆-၂၀၂၁ အရ ၂၀၁၆ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် KG တန်း၊ ၂၀၁၇ ခုနှစ်တွင် Grade-1၊ ၂၀၁၈ ခုနှစ်တွင် Grade-2 တို့ ပြောင်းပြီး ၂၀၁၉ ခုနှစ်တွင် Grade-3 နှင့် Grade-6 တို့ကို တစ်ပြိုင်နက်ပြောင်းရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်ကို တွေ့ရ၏။ ဤသို့ဖြင့် KG+12 အစီအစဉ်အရ နှစ်အလိုက် ပြောင်းလဲရန် စီစဉ်လျက်ရှိသည်။

ဆိုရလျှင် ပညာရေးစနစ်ပြောင်းလဲမှုနှင့်အညီ ပညာရေး အကဲဖြတ်စစ်ဆေးမှုများကိုလည်း လိုက်လျောညီစွာ ပြောင်းလဲကြရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်စာမေးပွဲအထိ သင်ရိုးဟောင်း၊ ပုံစံဟောင်း မေးခွန်းပုံစံဖြစ်သည်။ ယခု ၂၀၁၉ ခုနှစ်တွင် သင်ရိုးဟောင်းဖြစ်သော်လည်း မေးခွန်းပုံစံပြောင်းလဲသွားသည်။ ပြောင်းလဲသည်ဆိုရာတွင်လည်း လုံးဝဥဿုံပြောင်းလဲသွားခြင်းမျိုးမဟုတ်ပေ။ အလွတ်ကျက်မှတ်ခြင်းကို ဖြေလျှော့သည့်အနေဖြင့် ကိုယ်ပိုင်စဉ်းစားသိမြင်ပြီး (သို့) တီထွင်ကြံဆ၍ ဖြေဆိုနိုင်ရန် အတွေးအမြင်ပါသည့်မေးခွန်းများ ထည့်သွင်းထားခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ မေးခွန်းပုံစံအားလုံး ပြောင်းလဲပြီးဆိုသည့် အသိမျိုးမဟုတ်ဘဲ ထိုက်သင့်သလို ပြောင်းသွားခြင်းသာဖြစ်သည်။

သို့ဖြစ်၍ တက္ကသိုလ်ဝင်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အထူးပြုလေ့လာရမည့်အပိုင်းကို အကြံပြုချင်သည်။ ပထမတစ်ချက်မှာ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် ပြောင်းလဲလိုက်သည့် မေးခွန်းပုံစံကို အသေအချာလေ့လာရန် ဖြစ်သည်။ လေ့လာနိုင်ရန် မေးခွန်းပုံစံ သုံးစုံရှိပါသည်။ ဒုတိယ အချက်မှာ ဘာသာရပ်ဆိုင်ရာပါမောက္ခကြီးများနှင့် ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်ဆရာများ ပါဝင်ရေးသားထားသည့် ဂျာနယ်များကို လေ့ကျင့်ဖြေဆိုကြရန်ပင် ဖြစ်သည်။

အဓိကပြောချင်သည့်အချက်မှာ မည်သည့်ဘာသာရပ်ကို လေ့လာသည်ဖြစ်စေ ပြောင်းလဲလိုက်သည့် မေးခွန်းပုံစံအတိုင်း အံဝင်ခွင်ကျဖြစ်စေရန်ပင် ဖြစ်သည်။ ဖြေဆိုရန် ညွှန်ကြားထားချက်ကို လိုက်နာဖြေဆိုမှသာ သတ်မှတ်ထားသည့် အမှတ်ရနိုင်မည်ဖြစ်သည်။ ဥပမာ အင်္ဂလိပ်ဘာသာရပ်တွင် ပေးစာ (letter) နှင့် စာစီစာကုံး (Essay) ဖြေဆိုရာတွင် သတ်မှတ်ချက်ရှိသည်။ (ယခင်မရှိတဲ့) ယခုအခါ ပေးစာရေးလျှင် စာလုံးရေ ၃၀၀ ထက်မပို။ စာစီစာကုံးရေးမည်ဆိုလျှင် စာလုံးရေ ၅၀၀ ထက် မပိုရခြင်းပင်ဖြစ်သည်။ ထို့အတူပင် အခြားဘာသာရပ် အသီးသီးတွင်လည်း သတ်မှတ်ချက်၊ ကန့်သတ်ချက်များ ရှိပါလိမ့်မည်။ အတိအကျလိုက်နာရန် ဖြစ်သည်။

အထူးဂရုပြုရန် အချက်ရှိသေးသည်။ မေးခွန်းပုံစံ ပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်နှင့် တိုက်ရိုက် သက်ဆိုင်နေသည်ဟု ဆို၍ရသည်။ ယင်းအချက်မှာ မိမိကိုယ်တိုင် စဉ်းစားသိမြင်ခြင်း၊ တီထွင်ကြံဆဖြေဆိုခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာစာမေးခွန်းတွင် အဆိုအချေ။ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ရေးဖြေရခြင်းပင် ဖြစ်သည်။ ယင်းသင်ခန်းစာသည် အလွတ်ကျက်မှတ်၍ ဖြေဆိုမရနိုင်ပေ။ မိမိကိုယ်တိုင် အကြောင်းအချက် အလက်နှင့် ခိုင်ခိုင်မာမာတင်ပြနိုင်ရန်ပင်ဖြစ်သည်။

> **“တက္ကသိုလ်ဝင် စာမေးပွဲတွင် ပြောင်းလဲလာသည့် မေးခွန်းပုံစံနှင့်အညီ အောင်မြင်စွာ အောင်ပွဲဝင်နိုင်ဖို့သည် မိဘ၊ ဆရာ၊ ကျောင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှု ပါဝင်လာရမည်သာဖြစ် …”**

မိမိ၏စာစီစာကုံး အနှုန်းအဖွဲ့အတင်အပြ (Presentation) ပေါ်တွင် လုံးဝမူတည်နေခြင်းပင် ဖြစ်သည်။ မိမိကိုယ်တိုင် များများလေ့လာထားခြင်း၊ သုံးသပ်တင်ပြနိုင်ခြင်း တို့ကို လေ့ကျင့်ထားရန်ပင် ဖြစ်သည်။

ဤနေရာတွင် အလွတ်ကျက်မှတ်ခြင်း၏ အားနည်းချက်များကိုတွေ့ရသည်။ ကျောင်းသားအများစုသည် အလွတ်ကျက်သည့်စနစ်ကိုသာ အားသန်နေလေရာ အပြင်ထုတ်စာအုပ်များမှ ကူးယူကျက်မှတ်ကြခြင်းသာ များသည်။ မိမိ၏ စွမ်းဆောင်နိုင်မှုကိုမေးသည့် မေးခွန်းများတွင် အမှတ်လျော့နည်းနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အလွတ်ကျက်ထားသည့် စာများကို ကျောင်းသားအများစုက ဖြေဆိုကြရာ အလွတ်ကျက်ထားကြောင်း သိသာ၏။ ကိုယ်ပိုင်အတွေးအမြင်များဖြင့် ရေးသားထားမှသာ ရမှတ်မြင့်မားနိုင်သည့် အချက်ပင် ဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လတွင် စတင်ကျင့်သုံးမည့် တက္ကသိုလ်ဝင်မေးခွန်းပုံစံသစ်နှင့်ပတ်သက်၍ ပညာရေး စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ ယင်းစကားဝိုင်းတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် ဘာသာရပ်ဆိုင်ရာပါမောက္ခ (ဌာနမှူး) များ တက်ရောက်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် ဘာသာရပ်အလိုက် ပြောင်းလဲသည့် မေးခွန်းပုံစံများကို ရှင်းလင်းပြထား၏။ အကြံပြုချက်များလည်း ပေးထား၏။ သို့ဖြစ်ရာ ဆရာ ဆရာမများနှင့် မိဘများပါ လေ့လာဖတ်ရှုကြဖို့လိုသည်။ မိမိတို့၏တပည့်များ၊ သားသမီးများကို တစ်ဆင့်ဖြန့်ဝေ အသိပေးရမည် ဖြစ်သည်။ (ကလေးများကိုယ်တိုင် ဖတ်မှတ်ရန် အချိန်မရနိုင်ပါ) အကြံပြုချက်အချို့မှာ -

- မိမိလေ့လာရမည့် သင်ခန်းစာများကို နားလည်အောင် သေချာလုပ်ပါ။
- မိမိနားလည်ထားသည့် သင်ခန်းစာများကို မည်သို့သော အကျိုးအကြောင်းဖြင့် ဆက်စပ်ထားသည်ကို သိရှိအောင်လုပ်ပါ။
- အလွတ်ကျက်ခြင်းသည် အနည်းငယ်ကိုသာ ကျက်မှတ်နိုင်၍ မေ့လျော့သွားနိုင်ပါသည်။
- ကျက်သင့်သည်ဆိုလျှင်ပင် အဓိပ္ပာယ်ကိုနားလည်အောင် ပထမလုပ်သင့်ပါသည်။
- ပုံများကိုဆွဲသည့်အခါ အညွှန်း၊ ခေါင်းစဉ်နှင့် အဓိပ္ပာယ်ပါကိုက်ညီအောင် တွေးတောကြံဆပြီးမှ ကျက်သင့်သည်။
- ဇယားပုံစံများနှင့် Equation များကို ကျက်မှတ်သည့်အခါ အကြမ်းရေးမှတ်ပြီး Notes ထုတ်၍ ကျက်လျှင် ပိုမှတ်မိနိုင်သည်။

ဤကဲ့သို့ မေးခွန်းပုံစံပြောင်းလဲခြင်း၏ ဦးတည်ချက်များနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက -

- သင်ကြားသင်ယူမှုထိရောက်မှုရှိစေရန်။
- ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန်။
- ဘာသာရပ်ကို တကယ်နားလည်ပြီးနားလည်ထားသည့်အတိုင်း ဖြေဆိုရနိုင်စေရန်။
- အလွတ်ကျက်စနစ်ကိုလျှော့ချနိုင်စေရန်။
- ပြဋ္ဌာန်းစာများအပေါ် စဉ်းစားတွေးခေါ်၍ ဖြေဆိုနိုင်ရန်။
- အလွတ်ကျက်ရသည့် ဝန်ထုပ်ဝန်ပိုးလျှော့ချရန် ရည်ရွယ်ပါသည်။ ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက မေးခွန်းပုံစံပြောင်းလဲ၍ ရလာနိုင်သည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍
- ကျောင်းသား ကျောင်းသူများ သင်ခန်းစာများကို အလွတ်နှုတ်တိုက်ရွတ်ဆိုမှု လျော့ပါးလာခြင်း။
- သင်ခန်းစာများကိုလက်တွေ့ဘဝတွင် ပြန်လည်အသုံးချတတ်လာခြင်း။
- ကိုယ်ပိုင်အယူအဆထင်မြင်ချက်များကို ထုတ်ဖော်တင်ပြလာနိုင်ခြင်း။
- စဉ်းစားတွေးခေါ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ခွဲခြားစိတ်ဖြာနိုင်စွမ်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းစသည့် ၂၁ ရာစု စိန်ခေါ်မှုများအတွက် လိုအပ်သည့်အရည်အသွေးများ တိုးတက်လာနိုင်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ယခုကျင်းပတော့မည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြောင်းလဲလာသည့် မေးခွန်းပုံစံနှင့်အညီ အောင်မြင်စွာ အောင်ပွဲဝင်နိုင်ဖို့သည် မိဘ၊ ဆရာ၊ ကျောင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှု ပါဝင်လာရမည်သာဖြစ်သည်။ စနစ်တကျ လေ့လာဆည်းပူးခြင်း၊ လေ့ကျင့်ခြင်း၊ အချိန်မှန်ကျက်မှတ်ခြင်းဖြင့် မိမိတို့မျှော်မှန်းသည့် ပန်းတိုင်သို့ လှမ်းနိုင်ကြမည်ဖြစ်ပါသည်။ ။

# အင်းတော်မြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် နေအိမ် ငါးလုံးပျက်စီး၊ လူတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**အင်းတော် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နှင့် ကျေးရွာများတွင် ယနေ့မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်၍ နေအိမ်များ အမိုးလန်၊ နှစ်ဦးသစ်ပင်ပိ၊ တစ်ဦးမိုးကြိုးထိမှန်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်တွင် နေအိမ်သုံးလုံး၊ နားနောင်ကျေးရွာတွင် နေအိမ်နှစ်လုံးအမိုးလန်ပျက်စီးခဲ့ပြီး သက္ကယ်ကျင်းကျေးရွာတွင် နေအိမ်တစ်လုံး မန်ကျည်းပင် ပိမိခဲ့ရာ နေအိမ်အတွင်းနေထိုင်သူ ဦးကျော်မြင့် (၆၀) နှစ်နှင့် ဇနီး ဒေါ်နှင်းရီ (၆၀) နှစ် တို့တွင် ထိခိုက်ဒဏ်ရာရရှိသဖြင့် အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာနေ ဦးသိန်းနိုင် ၃၂ နှစ်မှာ မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**





# ပန်းတောင်းနှင့် သာယာဝတီတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် တပ်မတော် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်ပျဉ်းကတိုး၊ ဘင်္ဂနှင့် ဖက်ဝန်းခွဲသား စုစုပေါင်း ၃၇ ချောင်း၊ (၆ ဒသမ ၆၀၆၂ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ တပ်မတော်အဖွဲ့အစည်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များသည် သုံးဆယ်ကြိုးဝိုင်းအတွင်း လှည့်လည်စစ်ဆေးရာ တရားမဝင်သစ် ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားခွဲသား ၄ ဒသမ ၉၅၁၆ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ဆိုင်ကယ်တစ်စီးအရှိန်လွန် တိမ်းမှောက်ပြီး ၁၀ တန်းကျောင်းသားတစ်ဦးသေဆုံး

**မင်းလှ ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အောင်ဆန်းမြိုင်ကျေးရွာအနီး မင်းလှ - မြို့ချောင်းသွား ကားလမ်းမကြီး မိုင်တိုင်အမှတ် ၄/၂ နှင့် ၄/၃ အကြားတွင် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅နာရီ ၄၅ မိနစ်က ဆိုင်ကယ်တစ်စီးတိမ်းမှောက်ရာ ၁၀ တန်းကျောင်းသားတစ်ဦးသေဆုံးခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

အခင်းဖြစ်ရာသို့ မင်းလှမြို့မရဲစခန်းမှ ရဲအုပ်အေးကိုနှင့်အဖွဲ့များက သွားရောက်စစ်ဆေးရာ မြို့ချောင်းဘက်မှ မင်းလှဘက်သို့ ရှိုင်းထက်လွင် (၁၆) နှစ် (၉)တန်းကျောင်းသား မောင်းနှင်ပြီး ထက်လင်းအောင် (၁၇)နှစ် (၁၀) တန်းကျောင်းသားလိုက်ပါလာသော HONDA WAVE 110 ဆိုင်ကယ်သည် အောင်ဆန်းမြိုင်ကျေးရွာ အကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ကျောက်တိုင်အား ဝင်တိုက်မိသဖြင့် တိမ်းမှောက်သွားခဲ့ရာ ထက်လင်းအောင်မှာ ခေါင်းတွင်ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးသွားခဲ့ပြီး ရှိုင်းထက်လွင်မှာ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်စည်းတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော
Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းထိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော Times Mall လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| Level-1 | တစ်စတုရန်းပေ | 5 $ |
| Level-2 | တစ်စတုရန်းပေ | 3.5 $ |
| Level-3 | တစ်စတုရန်းပေ | 3 $ |
| Level-4 | တစ်စတုရန်းပေ | 2.5 $ |
| Level-5 | တစ်စတုရန်းပေ | 2.5 $ |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ - Times City ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

## ကင်းတားရေလှောင်တမံမှ နွေသီးနှံ စိုက်ပျိုးရေရယူ

**မြစ်သား ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ အရှေ့တောင်ဘက် ၂၁ မိုင်အကွာရှိပန်းလောင်မြစ်ပေါ်တွင် ၁၉၈၁ ခုနှစ်မှ စတင်တည်ဆောက်၍ ၁၉၉၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သည့် တမံအမြင့် ၂၃၆ ပေနှင့် စုစုပေါင်း တမံအလျား ၃၈၂၂ ပေရှိ ကျောက်ဖြည့်တမံအမျိုးအစား ကင်းတားရေလှောင်တမံသည် လက်ဝဲတူးမြောင်းမကြီး အလျား ၇၈ ဒသမ ၈မိုင်၊ လက်ယာတူးမြောင်းမကြီး အလျား ၁၇ ဒသမ ၈မိုင်၊ ပန်းလောင်မြောင်း အလျား ၇၆ ဒသမ ၅ မိုင်နှင့် စမာမြောင်း၊ နတ်လွဲမြောင်းတို့ဖြင့် ၂၀၁၈ ခုနှစ်တွင် မြစ်သား၊ ဝမ်းတွင်း၊ တံတားဦးနှင့် ကျောက်ဆည်မြို့များရှိ စိုက်ပျိုးဧကပေါင်း ၁၄၇၂၇၁ ဧကအား ရေပေးဝေခဲ့သည်။

အဆိုပါ ကင်းတားရေလှောင်တမံမှ နွေစပါး၊ နွေသီးနှံရေပေးဝေမှုကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်ပေးဝေလျက်ရှိရာ တစ်ပတ်အတွင်း နွေသီးနှံစိုက်ပျိုးဧကများအတွက် ရေရယူရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## ရောဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ပထမအကြိမ် စာပေဆုချီးမြှင့်



**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသည့် စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ဧရာဝတီစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးစိုးမြင့်တို့က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြပြီး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့်က စာပေပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံဘဏ္ဍာဝန်ကြီး ဦးဌေးဝင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ တိုင်းပညာရေးမှူး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်မောင်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူတိုင်းစာဖတ်ကြရေး တွန်းအားပေးရန်ရည်ရွယ်လျက် အခြေခံပညာ မူလတန်း ၊အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ၊ အလွတ်တန်းအဆင့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများကို ဖိတ်ခေါ်ကျင်းပပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြိုင်ပွဲဝင်ဦးရေ ၇၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။။

**သူဇာနွယ်(ဖျာပုံ)**

## မူဆယ်တွင် ကျောင်းစာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်၊ စာစောင်များ လှူဒါန်း



**မူဆယ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ကျောင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် စာကြည့်တိုက်အတွက် လိုအပ်သော ပရိဘောဂ၊ စက်ပစ္စည်းနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက အလှူရှင်များ၏ လှူဒါန်းမှုတွင် သက်ဝင်လှုပ်ရှားနေသော စာကြည့်တိုက်များအတွက် အထောက်အပံ့ရရှိစေရန်အလို့ငှာ မိမိတို့ဌာနအနေဖြင့်လည်း ကူညီဆောင်ရွက်ခွင့်ရရှိတဲ့အတွက် ဝမ်းသာကြောင်းနှင့် စာကြည့်တိုက်ကို ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့အသုံးချသည့် နေရာတစ်ခုဖြစ်စေချင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အလှူရှင်က စာကြည့်တိုက်အား သက်ဝင်လှုပ်ရှားမှုရှိစေရန် ရည်ရွယ်ပါသဖြင့် ကလေးငယ်များ လွတ်လပ်စွာ လာရောက်အသုံးပြုကြစေချင်ကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်၏ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းစာကြည့်တိုက်ခန်းမအတွင်း မူဆယ်(အခြေစိုက်)ရွှေလီမြို့မိခင်နှင့်ကလေးဖွံ့ဖြိုးရေးစင်တာမှ ဥက္ကဋ္ဌ မစ္စကျန်းချင်က လှူဒါန်းငွေ ၄၃ သိန်းကျော်တန်ဖိုးရှိ ပရိဘောဂများ၊ စက်ပစ္စည်းများနှင့် စာအုပ်၊ စာစောင်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလုရီထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နွေရာသီ ကျောင်းပိတ်ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ Happy Zone ၌ ကလေးများ ပျော်ရွှင်စွာရေကစားနေကြသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ **ဓာတ်ပုံ- ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



## ကနီမြို့နယ် တွင်းမအင်းသို့ ခရီးသွားများ လာရောက်လည်ပတ်

**ကနီ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ တွင်းမအင်းသို့ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှုများလာကြောင်း ဒေသခံများထံမှ သိရသည်။

ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းဘေးရှိ စိမ်းပြာရေညို စပီယူလိုင်းနား ထုတ်လုပ်ခဲ့သော တွင်းမအင်းသည် ၂၀၁၇ ခုနှစ်မှ စတင်ကာ စိမ်းပြာရေညို မထွက်ရှိတော့သဖြင့် ဒေသခံများမှ တွင်းမအင်းပတ်ပတ်လည် အပန်းဖြေအနားယူရန် နေရာများ ပြုလုပ်ထားသည်။

“ဒီတွင်းမအင်းကို ၂၀၁၅-၂၀၁၆ ခုနှစ်လောက်ကတည်းက ပြည်တွင်းခရီးသွားတစ်ဦးစ နှစ်ဦးစ လာရင်းကနေ ခုနောက်တဖြည်းဖြည်း တွင်းမရဲ့ သဘာဝအလှရှုခင်းကို လာရောက်ကြည့်ရှုမှုတွေ များလာတယ်။ နေ့စဉ် ဦးရေ ၁၀၀ လောက်ထိ လာကြတယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဆို ပိုလာကြတယ်၊ နောက်ကျ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာရင် အခုထက် ခရီးသွားဝင်ရောက်မှု များမယ်လို့ မျှော်လင့်တယ်” ဟု တွင်းထဲကျေးရွာမှ ကိုဇော်မျိုးမောင်က ပြောသည်။

တွင်းမအင်းတောင်ကုန်းကြီးမှာ ပေ ၈၀၀ ကျော်မြင့်ပြီး အင်းရေပြင်မှာ ဧကပေါင်း ၁၅၀ ကျော်လောက်ကျယ်ဝန်းကြောင်း၊ အင်းဘေးပတ်လည်တွင် အုန်းပင်ကြီးများ ဝန်းရံထားသည့်အတွက် ထူးခြားသည့် သဘာဝအလှများ၊ သာယာလှပသည့် အနေအထားများကြောင့် ခရီးသွားဧည့်သည်များအနေဖြင့် စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြကြောင်း ဒေသခံများထံမှ သိရသည်။

“၂၀၁၇ ခုနှစ် လောက်ကတည်းက ရေညိုမထွက်တော့တာ။ လုပ်တဲ့ကုမ္ပဏီလည်းနားသွားတယ်။ ခု ကျွန်တော်တို့က တွင်းပတ်ပတ်လည်မှာ အပန်းဖြေအနားယူလို့ရတဲ့ ဆိုင်နေရာလေးတွေလုပ်ထားတယ်။ သဘာဝအတိုင်းဖြစ်နေတဲ့ တွင်းရေပြင်မှာ စက်လှေစီးပြီး ဆောင်းခိုငှက်ကြည့်လို့ရအောင်ရယ်၊ အုန်းရည်သောက် အပန်းဖြေအနားယူလို့ရအောင် လုပ်ထားပါတယ်” ဟု တွင်းထဲ ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

တွင်းမအင်း ပတ်လည်တွင် အိမ်ခြေ ၉၀ ခန့်ရှိ တွင်းထဲကျေးရွာတည်ရှိပြီး အဆိုပါ ကျေးရွာမှ ဒေသခံများသည် သဘာဝအတိုင်း တွင်းမအင်းပတ်ပတ်လည်တွင် ပေါက်ရောက်နေသော အုန်းပင်များမှ အုန်းသီးများခူးကာရောင်းချခြင်း၊ ကွမ်းစိုက်ခြင်း၊ တွင်းပိုးပြုလုပ်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေရကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## တွံတေးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကိုးခု ဖွင့်လှစ်သွားမည်

**တွံတေး ဖေဖော်ဝါရီ ၂၅**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် စာစစ်ဌာနကိုးခုဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

အဆိုပါစာစစ်ဌာနကိုးခုဖြစ်သော အထက (၁) တွံတေးစာစစ်ဌာနတွင် ၁၁၀၇ ဦး၊ အထက (၂) တွံတေးစာစစ်ဌာန (၁)တွင် ၄၆၅ ဦး၊ အထက (၂) တွံတေးစာစစ်ဌာန (၂)တွင် ၄၂၉ ဦး၊ အထက (ခွဲ) ကျွန်းတောစာစစ်ဌာနတွင် ၃၅၅ ဦး၊ အထကကံဘဲ့စာစစ်တွင် ၆၂၅ ဦး၊ အထကဘုရားကြီးစာစစ်ဌာနတွင် ၂၇၀ ၊ အထကခတ္တိယစာစစ်ဌာနတွင် ၁၆၆ ဦး တွင် စုစုပေါင်း ၃၉၄၇ ဦး စာရင်းပေးသွင်းထားကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန တစ်ခုထပ်မံတိုးမြှင့်ခဲ့ရာ စာစစ်ဌာနကိုးခုအထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တွံတေးမြို့နယ်အတွင်း စာစစ်ဌာန ရှစ်ခုဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**


THE CENTRAL
WHERE THE FINEST MEETS
BY INYA LAKE
HOTLINE
+959 777 773 770
/THECENTRALYANGON
PROJECT LOCATION
GALLERY SHOWROOM

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် ပထမအကြိမ် Computer Based Test(CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲ ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှု စာချွန်လွှာအရ နိုင်ငံခြားသားလုပ်သား ခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test(CBT)စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**၁။ စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်**

(က) စာမေးပွဲကို ၂၂-၄-၂၀၁၉ ရက်မှ စတင်ကျင်းပပါမည်။

(ခ) စာမေးပွဲစစ်ဆေးမည့်အချိန်

| ဖြေဆိုရမည့်အချိန် | ဖြေဆိုသူများအား စစ်ဆေးဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်းဆွေးနွေးချိန် | အချိန် အဖတ်စွမ်းရည် (Reading) | အချိန် အကြားစွမ်းရည် (Listening) |
|---|---|---|---|---|
| ပထမပိုင်း | ၀၉း၂၀မှ ၀၉း၃၀ | ၀၉း၃၀မှ ၁၀း၀၀ | ၁၀း၀၀မှ ၁၀း၂၅ | ၁၀း၂၅မှ ၁၀း၅၀ |
| ဒုတိယပိုင်း | ၁၀း၅၀မှ ၁၁း၀၀ | ၁၁း၀၀မှ ၁၁း၃၀ | ၁၁း၃၀မှ ၁၁း၅၅ | ၁၁း၅၅မှ ၁၂း၂၀ |
| တတိယပိုင်း | ၁၃း၂၀မှ ၁၃း၃၀ | ၁၃း၃၀မှ ၁၄း၀၀ | ၁၄း၀၀မှ ၁၄း၂၅ | ၁၄း၂၅မှ ၁၄း၅၀ |
| စတုတ္ထပိုင်း | ၁၄း၅၀မှ ၁၅း၀၀ | ၁၅း၀၀မှ ၁၅း၃၀ | ၁၅း၃၀မှ ၁၅း၅၅ | ၁၅း၅၅မှ ၁၆း၂၀ |

**(ဂ) ဖြေဆိုသူများသတိပြုရန်**

- ၁၀း၀၀နာရီမှ ၁၀း၅၀နာရီထိ (ပထမပိုင်း)၊ ၁၁း၃၀နာရီမှ ၁၂း၂၀နာရီထိ (ဒုတိယပိုင်း) နှင့် ၁၄း၀၀နာရီမှ ၁၄း၅၀နာရီထိ (တတိယပိုင်း)နှင့် ၁၅း၃၀နာရီမှ ၁၆း၂၀နာရီထိ(စတုတ္ထပိုင်း)လေးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား(၆၀)ဦးစစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၉နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၃၀နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုရမည့်သူများသည် (၁၃း၀၀)နာရီတွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုသူများသည် (၁၄း၃၀)နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။

**၂။ စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**၃။ ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက်အမှတ်(၈၀)အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

**၄။ သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း
(၁၉၇၉ ခုနှစ်၊ မတ်လ ၁၂ ရက်မှ ၂၀၀၁ခုနှစ်၊ မတ်လ ၁၁ ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်း မခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ခြင်း/ပြန်ပို့ခြင်းမခံရသူ
(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

(င) E-9 E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် (၅)နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့်မရှိပါ။

**၅။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၁၁-၃-၂၀၁၉ ရက်မှ ၁၃-၃-၂၀၁၉ရက်အတွင်း (နေ့စဉ် ၉း၃၀ မှ ၁၆း၃၀ နာရီထိ)

(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။

(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ

(၁) စာမေးပွဲလျှောက်လွှာ
(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ (၁)ဦးလျှင် (၁)စောင်သာ ထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင် (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့စဉ်က ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်း(၆)လရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ) (နောက်ခံဆေးသားအဖြူရောင်)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ

(၅) စာမေးပွဲဖြေဆိုခ-အမေရိကန်ဒေါ်လာ(၂၄) (သို့မဟုတ်) ညီမျှသောမြန်မာကျပ်ငွေ -လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

**၆။ စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့် အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ: ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ: လုပ်ငန်းနှင့်ဆိုင်သည့် ကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ |
|---|---|---|---|
| ၂၀၁၆ | - | ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲအဆင့်(၃) အထက်ရရှိပါက အမှတ်(၂၀) ရရှိပါမည်။ စာမေးပွဲကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ | - လုပ်ငန်း ထူထောင်ခြင်း (လုပ်ငန်းရှင်)ဆိုင်ရာ သင်တန်းဆင်းလက်မှတ် ရရှိပါက အမှတ် ၅ မှတ် ရရှိပါမည်။ - စာမေးပွဲကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ |
| ၂၀၁၇ | - ကိုရီးယားသမ္မတနိုင်ငံမှ ပြုလုပ်သည့် သင်တန်းဆင်း အောင်လက်မှတ် ရရှိပါက အမှတ် ၅ မှတ် ရရှိပါမည်။ - စာမေးပွဲကြေး ကင်းလွတ်ခွင့်ရရှိပါမည်။ | | |

**၇။ စာမေးပွဲမေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်း အရေအတွက် | အမှတ် ပေါင်း | ဖြေဆို ချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀ပုဒ် (လုပ်ငန်းဆိုင်ရာ(၁၀)ပုဒ်၊ အထွေထွေ(၁၀)ပုဒ်) | ၁၀၀ | ၂၅မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ပုဒ် | ၁၀၀ | ၂၅မိနစ် | |
| စုစုပေါင်း | ၄၀ပုဒ် | ၂၀၀ | ၅၀မိနစ် | |

မှတ်ချက်။ စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK"စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု Download ရယူနိုင်ပါသည်။

Homepage (http://eps.hrdkorea.or.kr),
(http://www.hrd korea.or.kr/3/3/3/1/2)

**၈။ စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

(က) ၈-၄-၂၀၁၉ ရက်တွင် ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

**၉။ စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် ၂၀-၅-၂၀၁၉ ရက်၊ တနင်္လာနေ့

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်းနှင့် POEA-EPS Facebook

(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(EPSTOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http://eps.hrdkorea.or.kr), (http://www.hrd korea.or.kr/3/3/3/1/2)

(၃) စာမေးပွဲသက်တမ်း ၂၀-၅-၂၀၁၉ မှ ၁၉-၅-၂၀၂၁
(အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ (၂)နှစ်တာ)

**၁၀။ စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သောနိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ်(က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

**၁၁။ သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အောင်စာရင်းကို ၂၀-၅-၂၀၁၉ရက်တွင် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုရန်အတွက် စာမေးပွဲလျှောက်လွှာထုတ်ယူရာတွင် ကာယကံရှင်၏ ဆန္ဒအရသာ လျှောက်လွှာထုတ်ယူရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(ဂ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ) အား ယူဆောင်လာခွင့်မရှိပါ။

(ဃ) စာမေးပွဲအတွင်းမမှန်ကန်သည့် အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၃) နှစ်ကြာပိတ်ပင်ခြင်းခံရမည် ဖြစ်ပါသည်။

(င) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံ ကြေးငွေအဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါ အချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

## (၅၁)ကြိမ်မြောက် အလောင်းတော်ကဿပဖူးမြော်ရန်

အလောင်းတော်ကဿပအရှင်မြတ်ကြီးအား ၂၂-၃-၂၀၁၉ရက်တွင် ကျေးဇူးတော်ရှင် ဖိုးဝင်းတောင် ပုပ္ပားကျောင်း ဆရာတော်ကြီး ဦးသုမန (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၏ သာသနာပြုခရီးစဉ်ကို အစဉ်မပျက် အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ ပုပ္ပား ကုမာရာ ရာမတိုက် ပဓာနနာယက ဆရာတော် ဦးပညာသာမိ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)နှင့် ဖိုးဝင်းတောင် ပုပ္ပားကျောင်းဆရာတော် ဦးဝိမလတို့မှ ဦးဆောင်၍ ပဋ္ဌာန်းဆက်ပါရမီရှင်များ သွားရောက်ဖူးမြော်ကြမည် ဖြစ်ပါသည်။

လိုက်ပါလိုသည့် ဘုရားဖူးပါရမီရှင်များ ၁၀-၃-၂၀၁၉ ရက် နောက်ဆုံးထား၍ အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဦးမိုးမြင့်အောင် အမှတ်(၃၉)၊ ကျွန်းတောကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၃၀၀၀၃၈၂၊ ၀၉-၈၉၅၂ ၀၁၇၁၉၊ ၀၉-၄၂၀၁၉၈၀၀၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါသည်။

## သုဓမ္မမဏိဇောတဓရ ဆရာကြီးအရဟံဆရာအောင် (အကြားအမြင်ပါရမီရှင်)

ပညာရေး၊ စီးပွားရေး၊ အရောင်းအဝယ်၊ ကလေး အမည်ပေး၊ ရာထူးကိစ္စ၊ သားသမီးများလိမ္မာရေး၊ အိမ်ထောင်ရေး (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောကိစ္စ၊ စာမေးပွဲဖြေဆိုမည့်ကိစ္စများ စီစဉ်ဆောင်ရွက်ပေးသည်။ **နံနက် ၈ နာရီမှ ၁ နာရီ**

**ဆိုင်-အမှတ်(၁၆)၊ ဆူးလေဘုရားအဝိုင်း၊ တောင်ဘက်မုခ်၊ ရန်ကုန်မြို့။**
**အိမ်- အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။(ကြိုတင်ဖုန်းဆက်တိုကင်ယူပါ။)**
**ဖုန်း-၀၉-၇၃၁၅၃၁၈၈၊ ၀၉-၅၁၁၂၁၄၆၊ ၀၉-၃၂၃၈၈၇၉၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂လ ဘက်ဂျက်)၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်)အထွေထွေနောက်ကျရန်ပုံငွေ (GRF)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မြေလမ်း၊ ရေသွယ်ယူခြင်း၊ မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၇-၂-၂၀၁၉ရက် နံနက်၉း၃၀နာရီမှ၁၆း၀၀နာရီအထိ

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၉-၃-၂၀၁၉ရက်၊ (၁၆း၀၀)နာရီအထိ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)သို့ စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားပြန်လည်ကြော်ငြာပေးသွားမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၈၉၇၀၉၈၂၅၂၊ ၀၉-၄၅၈၉၀၉၂၄၇ နှင့် ၀၉-၄၂၂၀၉၂၁၄၈**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဖုန်းဒေသ ၄၂.၆၈ စတုရန်းကီလိုမီတာတွင် ဘိလပ်မြေထုတ်လုပ်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါဖွင့်ရက်နှင့် ပိတ်ရက်
တင်ဒါဖွင့်ရက် - ၂၇-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)၊ ၉း၃၀ နာရီ
တင်ဒါပိတ်ရက် - ၂၆-၃-၂၀၁၉ ရက်(အင်္ဂါနေ့)၊ ၁၆း၃၀ နာရီ

၃။ စိတ်ဝင်စားသည့်ကုမ္ပဏီများသည် တင်ဒါလျှောက်လွှာပုံစံကို ဝန်ကြီးဌာန Website (www.mining .gov.mm)တွင် အခမဲ့ Download ရယူနိုင်ပြီး အသေးစိတ်သိလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၁၄၀၁၅၊ ၀၆၇-၄၁၄၅၄၁**
**e-mail - dgsejvsec@gmail.com**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (သတ္တုရေးရာ)**
**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်**
**ရာဇသင်္ဂဟလမ်း**
**နေပြည်တော်**



**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)**
**အသက်(၈၀)**

DSA အပတ်စဉ်(၄) သူရဲကောင်းမှတ်တမ်းဝင်၊ အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်နှင့်ဇနီး ဒေါ်အေးအေးခိုင်မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)**
**အသက်(၈၀)**

DSA အပတ်စဉ်(၄)သူရဲကောင်းမှတ်တမ်းဝင်၊ အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)**
**အသက်(၈၀)**

စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမြင့်ဦးနှင့်ဇနီးဒေါက်တာ ဥမ္မာမေတင်လှိုင် မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)**
**အသက်(၈၀)**

စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)
**စစ်တက္ကသိုလ် အပတ်စဉ်(၄)**
**သူရဲကောင်းမှတ်တမ်းဝင်၊ အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၈၀)**

ရန်ကုန်မြို့ အမှတ်(2B)၊ မင်းဓမ္မလမ်းသွယ်၊ (၉)မိုင်၊ မရမ်းကုန်းနေ ဒေါ်ခင်မာအေး၏ ခင်ပွန်း၊ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း) အသက်(၈၀) သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းခိုင်**
**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ဦးသိန်းနွဲ့
## အသက်(၅၇)နှစ်
**လက်ထောက်မန်နေဂျာ (သတ္တုတွင်း) ကချင်ပြည်နယ် အထွေထွေမန်နေဂျာရုံး၊ မြစ်ကြီးနားမြို့**

ကချင်ပြည်နယ်၊ ပင်းဘောမြို့နေ ရှုံပိုင်ကြီး (ဦးတင်ဖေ)-ဒေါ်ရီတို့၏သား၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းမြို့သစ်နေ ဒေါ်ခင်ဖြူဝင်း၏ ခင်ပွန်း၊ ကိုအောင်မင်းသူ-မသဲစုဝင်း (သဲသဲ)၊ ဦးကိုကိုအောင်-မခိုင်ဇင်နွယ်(ကဲကဲ)၊ မမေငင်မြင့်တို့၏ ဖခင်၊ မအိမ့်ဆုရတီမင်း၊ မခြူးအိန္ဒြေထက်တို့၏ အဘိုးသည် ၂၂-၂-၂၀၁၉ ရက်(သောကြာနေ့)၊ ညနေ (၆း၁၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၉ ရက်၊ (တနင်္ဂနွေနေ့)၊ မွန်းတည့် (၁၂) နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ဆေးရုံတက်ချိန်မှ သဂြိုဟ်ပြီးသည်အထိ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါ ပို့ဆောင်ပေးကြပါသော မန္တလေးမြို့နှင့် မြစ်ကြီးနားမြို့၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ဝန်ထမ်းများအားလုံးနှင့်တကွ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးပင်တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဒေါ်တင်တင် (B.A, B.Ed)**
**အသက်(၉၄)နှစ်**

မော်လမြိုင်မြို့နေ (ဦးယုရှိန်-ဒေါ်ရင်စံ)တို့၏ သမီး၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၂၁၉)နေ (ဦးအောင်ဖေ)၏ ဇနီး၊ ဦးစိုးမိုး-ဒေါ်စန်းစန်းဝင်း၊ ဦးမင်းဦး-ဒေါ်ဒွေးလှယဉ်၊ ဦးအောင်နိုင်သူ၊ ဦးစည်သူ-ဒေါ်ဝင်းနုတို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်မြရွှေ (ကွမ်းခြံ)**
**ဆရာမ-ငြိမ်း၊ အ.မ.က(၈) ကမာရွတ်**
**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ကွမ်းခြံမြောက်ပိုင်း၊ လှည်းတန်းလမ်းမကြီး၊ တိုက်(၂၀၈/၂၁၂)၊ အခန်း(၀၀၁)၊ (ဟံသာရိပ်မွန်)နေ (ဦးစိန်-ဒေါ်ရင်)တို့၏သမီး၊ (ဦးကံထွန်း-ဒေါ်စိန်စိန်)၊ (ဒေါ်သန်းရီ)၊ (ဦးလှအောင်-ဒေါ်လှတင်)၊ [ဒေါ်သန်းကြည် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)]၊ (ဦးကျော်ညွန့်-ဒေါ်မြကြီး)၊ (ဒေါ်တင်ရွှေ)တို့၏ ညီမ၊ (ဒုတိယဗိုလ်မှူးကြီးလှိုင်အောင်-ဒေါ်သန်းတင်)၊ ဒေါ်သန်းသန်းငွေ(ကျောင်းအုပ်ဆရာမကြီး၊ အထက-၄၊ အလုံ-ငြိမ်း)တို့၏ အစ်မကြီးသည် ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၃-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးမောင်မောင်ကြီး (၉၁)နှစ်**
**(တောင်ကုတ်)**
**အငြိမ်းစားစိုက်ပျိုးရေးကျောင်းအုပ်ကြီး**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ (ဦးအောင်ဘသိန်း-ဒေါ်ညီမ) တို့၏ သားကြီး၊ (ဒေါ်စိန်စိန်)၏ ခင်ပွန်း၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်အမှတ်(၂၅၃)၊ အခန်း(၁)နေ ဒေါ်ညီမလေး၊ (ဦးသိန်းမောင်)၊ ဦးလှကျော်အောင်-ဒေါ်အေးကြွယ်၊ ဦးအောင်ခင်-ဒေါ်သိန်းကြွယ်တို့၏ အစ်ကိုကြီး၊ လှိုင်သာယာနေ ဒေါ်သီတာ၏ဖခင်၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးကြီး၊ မြေး ၁၈ ယောက်တို့၏အဘိုး ဦးမောင်မောင်ကြီးသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသဂြိုဟ်ပြီးစီးပါ ကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလွန်းသီ**
**အသက်(၈၀)**
**DSA အပတ်စဉ် (၄)**
**ဝန်ကြီး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဒေါ်မြစိမ်းအေး၏ဖခင်၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဦးလွန်းသီသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး**
**ဒု-ဝန်ကြီး ဦးကျော်လင်းနှင့်ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလွန်းသီ**
**အသက်(၈၀)**
**DSA အပတ်စဉ် (၄)**
**ဝန်ကြီး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဒေါ်မြစိမ်းအေး၏ဖခင်၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဦးလွန်းသီသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလွန်းသီ**
**အသက်(၈၀)**
**DSA အပတ်စဉ် (၄)**
**ဝန်ကြီး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဒေါ်မြစိမ်းအေး၏ဖခင်၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဦးလွန်းသီသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ဒု-ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**အဆောက်အဦ ဦးစီးဌာနဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးလွန်းသီ**
**အသက်(၈၀)**
**DSA အပတ်စဉ် (၄)**
**ဝန်ကြီး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဒေါ်မြစိမ်းအေး၏ဖခင်၊ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဦးလွန်းသီသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်ဦးမျိုးမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်စိန်**
**အဆောက်အဦ ဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးခင်မောင်မြင့်**
**CHIEF ENGINEER, MFSL IMT-CE 9**
**အသက်(၆၀)**

မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်မှ ဦးခင်မောင်မြင့် CHIEF ENGINEER, MFSL IMT-CE 9 အသက်(၆၀)သည် ၂၂-၂-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**
**အသက် (၈၀)**

သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း) သည် ၂၅-၂-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် (၁း၂၀) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**
**အသက် (၈၀)**

ကျေးဇူးရှင်ဆရာ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် (၁း၂၀) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ခိုင်သိန်း - ဒေါ်ခင်စန်းယု**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ပါမောက္ခ ဒေါက်တာဒေါ်ခင်မမ**
**ဒုတိယပါမောက္ခချုပ်(စီမံ/ငြိမ်း)၊**
**ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**အသက်(၇၂)နှစ်**

ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာမောင်မောင်စံ (စာရေးဆရာ ကြည်မင်း/ကျော်စောမင်း)၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်ခင်မမသည် ၂၀-၂-၂၀၁၉ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ ဆရာမ ကောင်းရာသုဂတိလားပါစေ။

**(၇၁/၇၇ Batch BVS တပည့်များ)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်တင်မြ(ပြည်)**
**အသက်(၉၉)နှစ်**

သူငယ်ချင်း ခင်ဇော်သောင်း (ပြည်)၏ မိခင်ကြီးဒေါ်တင်မြသည် ၂၅-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရ၍ မင်းရဲ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1982-86++ ဘူမိဗေဒဘွဲ့ရကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးအေးကို(အိုး/အိမ် ငြိမ်း)**
**အသက် (၈၆) နှစ်**

သူငယ်ချင်း သက်သက်ရီ၏ ချစ်လှစွာသော ဖခင်ကြီးဦးအေးကိုသည် ၁၀-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိပါ၍ သူငယ်ချင်းရဲ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1982-86++ ဘူမိဗေဒဘွဲ့ရကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးထွန်းဝင်းနိုင်**
**အသက် (၇၀)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဘဖေလမ်း၊ အမှတ် (၄၄)နေ ဦးထွန်းဝင်းနိုင် (FDPC- Director)သည် ၂၂-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Farmers Development Public Co.,Ltd

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်ဦး (၅၅)နှစ် (လှည်းကူး)**

၁၉၈၂ခုနှစ်၊ ရန်ကုန်တက္ကသိုလ်(လှိုင်) ပထမနှစ် ဘူမိဗေဒဘာသာရပ်ဖြင့် တက်ရောက်ခဲ့ပါသော သူငယ်ချင်း ကိုမြင့်ဦးသည် ၁၁-၂-၂၀၁၉ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်တဲ့ မင်းရဲ့မိသားစုများနှင့်ထပ်တူ တို့တစ်တွေ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ...

**1982-86++ ဘူမိဗေဒဘွဲ့ရကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးချုပ် သီရိပျံချီ လွန်းသီ(ငြိမ်း) (ကွမ်းခြံကုန်း)**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊**

**သူရဲကောင်းမှတ်တမ်းဝင်**

**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး (ငြိမ်း)၊**

**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့နယ်)**

**အသက် (၈၀)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေ ဒေါ်ခင်မာအေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ် သီရိပျံချီ လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

## ဒေါက်တာဦးကျော်ထက်

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၃၃)လမ်း၊ အမှတ်(၁၂၁၅)နေ [ဗိုလ်မှူးနိုင်အောင်(ငြိမ်း)၊ (GM၊မွေး/ရေဦးစီးဌာန)]၊ ဒေါ်ခင်စန်းရီ (ဦးစီးအရာရှိ-ငြိမ်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)တို့၏ တစ်ဦးတည်းသောသား၊ (ဗဟိုတရားရုံးရှေ့နေ တ.က.သ ဦးတင်အေး)၏တူသား ဒေါက်တာကျော်ထက်(စွမ်းထက်ဆေးခန်း)သည် ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၄၅ နာရီတွင် ကံသာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၉ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးထွန်းခိုင် (ခ) လဗျော်နေတိုး

**အသက် (၄၈) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးတိုးဈေးကုန်းရပ်ကွက်၊ ရန်အောင်မြေဘုရားလမ်း၊ အောင်ကျော်စိုးဆေးဆိုင်နေ (ဦးမောင်မောင်စိုး)-ဒေါ်စစ်မေတို့၏ သားကြီး၊ ဦးအောင်စိုး (ရှေ့နေ)-ဒေါ်စမ်းစမ်း(စည်ပင်-ငြိမ်း)တို့၏ တူသားကြီး၊ ဦးဉာဏ်ဝေဖြိုး-ဒေါ်ခင်ရတနာဦး၊ ဦးအာကာဇော်-ဒေါ်သဥ္ဇာစိုးတို့၏ အစ်ကိုကြီး၊ မအေးချမ်းမြတ်ဖြိုး၊ မောင်အောင်ချမ်းဖြိုးတို့၏ဦးလေး၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်းနေ (ဦးခင်မောင်ဇော်)-ဒေါ်စီစီမိန်တို့၏သားသမက်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ကျောင်းလမ်း၊ ပထမထပ်၊ အမှတ်(၂၄)နေ ဒေါ်နန္ဒာလွင်၏ခင်ပွန်း၊ မအိုချစ်ပို၊ မောင်ကောင်းစည်သူတို့၏ ချစ်လှစွာသောဖခင်သည် ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ကျောင်းလမ်း၊ ပထမထပ်၊ အမှတ်(၂၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သိန်း**

**အသက်(၉၉)နှစ်**

မန္တလေးမြို့ ၃၁ လမ်း× ၆၆ လမ်းထောင့်၊ နယူးစီဗွီလိုင်းရပ်၊ စိမ်းလဲ့စန္ဒာခြံနေ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းအောင် (ဆေးတက္ကသိုလ်-မန္တလေး၊ ရောဂါဗေဒဌာန)၏ ဖခင်သည် ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အုန်းကြည်**

**အသက် (၉၄)နှစ်**

ဦးခွန်မြင့်အောင်-ဒေါ်ချိုချိုမော်၊ ဦးခွန်အောင်စိုး-ဒေါ်နန်းအေး၊ ဦးခွန်ဝင်းအောင်တို့၏ကျေးဇူးရှင် မွေးသမိခင် ဒေါ်အုန်းကြည်သည် ၁၉-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်တိုး-ဒေါ်မိုးစန္ဒာထွဏ်း**

**သန်လျင်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်မြင့်**

**အင်ဂျင်နီယာမှူး**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**အသက် (၆၀)**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်သည် ၂၂-၂-၂၀၁၉ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာဌာနဝန်ထမ်းများ**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊ သူရဲကောင်းမှတ်တမ်းဝင်**

**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)**

**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့နယ်မြေ)**

**အသက် (၈၀)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေ ဒေါ်ခင်မာအေး၏ကျေးဇူးရှင်ခင်ပွန်း၊ ဦးဇော်လွန်း-ဒေါ်တင်မိုးသူ၊ ဒေါ်မြစိမ်းအေး၊ ဒေါက်တာဇင်မောင်လွန်း-ဒေါက်တာဇာခြည်ကိုတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း) (ကွမ်းခြံကုန်းမြို့)

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊ သူရဲကောင်းမှတ်တမ်းဝင်**

**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)**

**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့မဲဆန္ဒနယ်မြေ)**

**အသက် (၈၀)**

ကွမ်းခြံကုန်းမြို့ မင်းပိုင်းရပ်နေ (ဦးလှမောင်-ဒေါ်သက်ပု)တို့၏ သား၊ (ဦးကံညွန့်-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ (ဦးမြမောင်-ဒေါ်မြအေး)၊ (ဦးမောင်ကြီး-ဒေါ်တင်လှ)၊ (ဦးသန်းတင်)-ဒေါ်မြရီတို့၏ ညီ/မောင် သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသောင်း

**လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ သူနာပြု၊ ကျန်းမာရေးဦးစီးဌာန**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၈၅၈)နေ (ဦးအောင်-ဒေါ်တင်စိန်)တို့၏သား၊ (ဦးရွှက်ဆိုင်-ဒေါ်ရွှက်ခမ်း)တို့၏ သားသမက်၊ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)၏ခင်ပွန်း၊ ဦးအောင်တေဇ၊ ဒေါ်ခင်စောညို၊ ဦးလှမျိုး-ဒေါ်သန္တာဝင်း၊ ဗိုလ်ကြီးကျော်သူရ-ဒေါ်ချောအိလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်စည်သူသောင်း၊ မခင်မျိုးပြည့်သူတို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝေဇင် (ရဲအုပ်-ငြိမ်း၊ သတင်းတပ်ဖွဲ့)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာ(၁၉)လမ်း(ခ)၊ အမှတ်(၈၈၁)နေ (ဦးသိန်း-ဒေါ်အေးမြ)တို့၏ သားငယ်၊ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ သားသမီးခြောက်ယောက်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွေးလှ (မြဝတီမြို့)

**အသက်(၆၄)နှစ်**

မြဝတီမြို့ ရဲစိုက်ခင်းလမ်း၊ ကွက်သစ်ရပ်နေ (ဦးမောင်ဖြူ-ဒေါ်လှရင်)တို့၏ သမီး၊ (ဦးလှတင်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ မြဝတီမြို့နေ (ဦးမောင်ထွန်း)၊ (ဦးမောင်သိန်း)၊ ဒေါ်လှကြည်၊ ဒေါ်မြရီ၊ ဒေါ်တင်အေး၊ ဦးကောင်လေး၊ ဦးထွန်းသိန်းတို့၏ ညီမ၊ ဦးသားဖိုး၏ အစ်မ၊ ကိုမောင်မောင်-မသက်သက်လှိုင်၊ ကိုကောင်းမြတ်စံ၊ မောင်လှိုင်ဝင်းအောင်၊ မောင်စောအီနီဂါ တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဦးအောင်မြင့်၏ဇနီး ဒေါ်ထွေးလှသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အောင်ကြည်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး၊ တောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၇၈)နေ ဦးမှတ်ကြီး၏ဇနီး၊ ဒေါ်သီတာဦး-ဦးလွင်နိုင်ဦး၊ ဒေါ်မိုးမိုးဝင်း (အမက-၁၊ ဗဟန်း)၊ မောင်အံ့ဂျူလိုင်ကျော် (MRTV-4)တို့၏ မိခင်သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ဦးမောင်ရွှေ

**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးအောင်ဘ-ဒေါ်စိန်ရှင်)တို့၏ သား၊ (ဒေါ်လှလှ)၏ ခင်ပွန်း၊ အမှတ် (၁၉)၊ ငါးလွှာ(A)၊ ဗဟန်း(၂)လမ်းနေ ဒေါ်လဲ့လဲ့ရွှေ (စာရင်းစစ်မှူး-ငြိမ်း)၊ ဦးတင့်ထူးရွှေ (ဗိုလ်ကြီး၊ တေဇ-၅၊ ငြိမ်း)၊ ဦးမြတ်မင်းရွှေ (ဒလမ-၁၆)(ထုံးလုပ်ငန်း)-ဒေါ်ဆွေဇင်မှူး၊ ဦးလှမော်(မန္တလေး-ဟိုတယ်ဇုန်)၊ ဦးလင်းမင်းသင်းခိုင် (အင်ဂျင်နီယာ၊ ဆီဒိုးနားဟိုတယ်)-ဒေါ်သန္တာရွှေ၊ ဦးတိုးတိုးဝင်း (ဦးစီးအရာရှိ၊ နေပြည်တော်သားဖွားဆေးရုံ)-ဒေါ်ဥမ္မာရွှေ၊ ဦးမြင့်မောင်မောင်တို့၏ မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အမှတ်(၁၉)၊ ငါးလွှာ(A)၊ ဗဟန်း(၂)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ဦး

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ တိုက်(၄၀/၄၄)၊ အခန်း(၂၃)၊ (၅၅)လမ်းနေ (ဦးမောင်လှ-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးတင်အေး၏ ဇနီး၊ ဦးဝင်းမြင့်၏ အစ်မ၊ ဒေါ်စိုးစိုးသန်း၊ ဦးလွင်ငွေး-ဒေါ်မြစန်းခိုင်၊ ဒေါ်ဥမ္မာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဦးကျော်စွာဝင်း-ဒေါ်ဖြိုးသဇင်အောင်တို့၏မိခင်၊ မနှင်းနှင်းအေး၊ မောင်ဝင်းမင်းဇော်၊ မောင်ကျော်ဇင်ဖြိုး၊ မောင်ဖြိုးဟန်ကျော်တို့၏အဘွားသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်သက်(ခ) ဦးအောင်ဖေ

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ်(၁၇)၊ ပထမထပ်(B)နေ ဒေါ်ကြည်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ဇာလင်း၊ မခင်ရူပါလင်း၊ မစိုးစန္ဒာလင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးအောင်သက်(ခ) ဦးအောင်ဖေသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၅၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါလမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်တင်တင်မြင့် (ရွှေဘို၊ မန္တလေး)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့ အမှတ်(၉၃/၅)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးစိန်ရ-ဒေါ်စောသိန်း)တို့၏ သမီးကြီး၊ (ဦးဘိုးသိန်း-ဒေါ်ဆင်တန်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ရီ (ကုန်သွယ်ရေး၊ ဒု-ဝန်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်အေး-ဒေါ်မြရီ)၊ (ဦးခင်မောင်ဌေး)-ဒေါ်ခင်မြ (ဦးမောင်မောင်-ဒေါ်ကြည်ကြည်)၊ (ဦးလှဖေ-ဒေါ်စိန်စိန်)တို့၏ ညီမ၊ ဦးလှသိန်း-(ဒေါက်တာဒေါ်ခင်မမ)၊ ဒေါက်တာတင်ထွဋ်-ဒေါ်ကြည်ကြည်၊ (ဒေါ်ခင်မာရီ)၊ ဒေါ်သောင်းသောင်း(ရွှေဘို)၊ (ဦးခင်မောင်သန်း-ဒေါ်အုံးမေ)တို့၏ အစ်မ၊ တူ/တူမ ၁၈ ယောက်တို့၏ အဒေါ် သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်တင်တင်မြင့် (ရွှေဘို၊ မန္တလေး)

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၃/၅)နေ (ဦးစိန်ရ-ဒေါ်စောသိန်း)တို့၏သမီးကြီး၊ (ဦးဘိုးသိန်း-ဒေါ်ဆင်တန်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ရီ (ကုန်သွယ်ရေး၊ ဒု-ဝန်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်လွင်(ဒု-စက်ရုံမှူး၊ ငြိမ်း၊ အမှတ်-၁ ရေနံချက်စက်ရုံ၊ သန်လျင်)-ဒေါက်တာခင်ရီဦး(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ Lab Advisor Clinton Health Access Initiative)၊ (ဦးလှဝင်း)-ဒေါ်တင်ရီမြတ်(International School Yangon)၊ ဦးသင်းမောင်မောင်ရီ-Carina Yi (USA)တို့၏ ချစ်လှစွာသောမိခင်၊ နှင်းရည်ဝင်း (Australia)၊ ဝတ်ရည်ဝင်း (USA)၊ အောင်မြင့်ဦး(Sr.Executive, Tokio Marine and Nichido Fire Insurance Co., Ltd)-ကျော့ကျော့စံ၊ Katrina၊ Kaitlan၊ Patrick တို့၏အဘွား၊ လင်းမြတ်သွယ်တို့၏ ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဖီးဖီးနော်ဝါးဖော(ခ)ဖီးဖီးနော်ဝါးယို

**အသက် (၈၈)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၂၅/စီ)နေ (ဦးဖိုးငယ်-နော်အေးလှ)တို့၏သမီး၊ (ဦးဘိုးလှိုင်-ဒေါ်ညို)တို့၏ သမီးချွေးမ၊ နော်မေရီ-Mr. Book Will၊ နော်ဖဲရီ-စောစံငွေ၊ နော်ရိုစီ-စောငွေ၊ နော်ဖိုးဖေါတို့၏ညီမ၊ နော်စန်းမေ-မန်းဒွေါကလပ်စံငွေးတို့၏ အစ်မ၊ သိက္ခာတော်ရ ဒေါက်တာစောဒေးဗစ်ဆူးဖေါ-သိက္ခာတော်ရ နော်အက်စတာ၊ ဆရာမနော်ရင်ကြည်၊ နော်ဘွေဖော-(စောယာကုပ်)၊ နော်သတိုဖေါ-စောတင့်လွင်၊ နော်ထီးမူးဖော-သိက္ခာတော်ရ ဒေါက်တာ အယ်လ်တူးဂျာ၊ နော်မူးခိုဖော-စောစိုးစိုးလှိုင်(နော်ဝါးဝါးဖော)၊ နော်ဆူးလာဖော-(Mahn Richman စံငွေး)တို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွား၊ (ဦးစံသိန်း)၏ချစ်ဇနီး ဖီးဖီးနော်ဝါးဖော(ခ)ဖီးဖီးနော်ဝါးယိုသည် ၂၄-၂-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သော ဈာပနဝတ်ကို ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ် ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဦးဘအိုလမ်းနှင့် ဗဟိုလမ်းထိပ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာလာ(တောင်ငူ)

**အသက်(၆၉)နှစ်**

တောင်ငူမြို့ အမှတ်(၁၆/၈၂)၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကျော်စိန်-ဒေါ်သန်းရီ)တို့၏ သမီး၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ၊ ဦးသန်းထွဋ်-ဒေါ်မြင့်မြင့်သန်းတို့၏ ညီမ၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာကြည်ကြည်စိန်၊ (ဦးသိန်းဆွေ)-ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်တင့်-ဒေါ်ကြွယ်ကြွယ်စိန်တို့၏ အစ်မ၊ တူ/တူမ ၁၃ ယောက်တို့၏ အဒေါ်၊ မြေး ၁၄ ယောက်တို့၏အဘွား ဒေါ်ခင်မာလာသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစံတင်**

**(JAT-ငြိမ်း)**

**အသက်(၈၀)**

မမိုးမိုးစံ၏ ဖခင် ဦးစံတင်သည် ၂၃-၂-၂၀၁၉ရက် (စနေနေ့) ညနေ(၃)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း**

**အမှတ်စဉ်(၅)မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး(ဟိုတယ်/ခရီး-ငြိမ်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့ အမှတ်(မ/၃၅၆)၊ ရွှေပဒေသာလမ်း၊ (၂၆)ရပ်ကွက် (ရွှေလင်ဗန်း)၊ လှိုင်သာယာမြို့နယ်နေ ဦးကျော်စွာဝင်း (Officer-Shwe Me Group of Companies)-ဒေါ်ချိုနွယ်ထွန်း၏ ဖခင် ဦးသန်းစိုးသည် ၂၃-၂-၂၀၁၉ရက် နံနက် (၅း၄၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

**Shwe Mè Group of Companies**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့**

## ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် သက်ထားသူဇာ ဗိုလ်စွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတကာကြက်တောင်အဖွဲ့ချုပ်က ကြီးမှူး ကျင်းပလျက်ရှိသည့် Uganda International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ယူဂန္ဒာနိုင်ငံ၌ ကျင်းပရာ မြန်မာကြက်တောင်အားကစားမယ် **သက်ထားသူဇာ** ဗိုလ်စွဲခဲ့သည်။

**နှစ်ပွဲပြတ်အနိုင်ရ**

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ၃၂ ဦးအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ယူဂန္ဒာကစားသမား ရှာမင်ကို ၂၁-၈ မှတ်၊ ၂၁-၉ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ၁၆ ဦးအဆင့်တွင် ယူဂန္ဒာကစားသမား မူဂါဘီကို ၂၁-၁ မှတ်၊ ၂၁- ၇ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် ဇင်ဘာဘွေကစားသမား အိုဂါကို ၂၁-၉ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် အီရန်ကစားသမား ဆာမင်ကို ၂၁-၁၂ မှတ်၊ ၂၁-၁၅ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် ဂျော်ဒန်ကစားသမား အမ်ရိုကို ၂၁-၁၄ မှတ်၊ ၂၁-၁၂ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ချန်ပီယံဆု ရခဲ့ခြင်းဖြစ်သည်။

**ချန်ပီယံဆုရရှိ**

သက်ထားသူဇာသည် ယင်းပြိုင်ပွဲတွင် ပြိုင်ဘက်ကစားသမားများကို အပြတ်အသတ်အနိုင်ရကာ ချန်ပီယံဆုရရှိခဲ့ခြင်းလည်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဥရောပ၊ လက်တင်အမေရိက၊ အာဖရိကနိုင်ငံများမှ ကစားသမားအများအပြား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အာရှနိုင်ငံအချို့မှ ကစားသမားများလည်း ယှဉ်ပြိုင်ခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖**



ချန်ပီယံဆုရခဲ့သည့် သက်ထားသူဇာအား ၂၀၁၈ အာဆီယံ တက္ကသိုလ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။

## AFC U-16 Women's Championship Thailand 2019 Qualifiers Round (2) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် AFC ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် ဘောလုံးပြိုင်ပွဲ Round (2) (AFC U-16 Women's Championship Thailand 2019 Qualifiers Round -2) ပွဲစဉ်များအနက် မြန်မာယူ-၁၆ အမျိုးသမီး ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီတွင် တရုတ်အမျိုးသမီးဘောလုံးအသင်းနှင့် လည်းကောင်း၊ မတ် ၁ ရက် ညနေ ၆ နာရီတွင် ဘင်္ဂလားဒေ့ရှ် အမျိုးသမီးဘောလုံးအသင်းနှင့်လည်းကောင်း၊ မတ် ၃ ရက် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းနှင့် လည်းကောင်း မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**